# MYANTRADE

# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၁၂/၂၀၂၄

## ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မြို့သစ်မြို့နယ်၌ ကုလားပဲသီးနှံများ စိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်
- ဟသ်ာတမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ
- မင်းဘူးမြို့နယ်တွင် ခရမ်းသီးဈေးကောင်းရ၍ တောင်သူများအကျိုးအမြတ်ရ
- ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းခရုပ်သီးသွာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

### နိုင်ငံတကာဈေးကွက်

- အိန္ဒိယ၏ဆန်တင်ပို့မှုကန့်သတ်ချက်ပယ်ဖျက်လိုက်ခြင်းကြောင့်၂၀၂၅ဘဏ္ဍာနှစ်တွင်လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော်ရရှိနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြား
- ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၉ သန်းသို့ ရောက်ရှိနိုင်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားခြင်း
- ဆန်အမျိုးအမည် လိမ်လည် တင်ပို့ရန်ကြိုးပမ်းခဲ့သည့် ကုမ္ပဏီ ၂ ခုအား အိန္ဒိယအကောက်ခွန်ဌာနမှ ထိရောက်စွာအရေးယူ
- ထိုင်းစပါးစိုက်တောင်သူများအတွက် ဈေးနှုန်းနှင့်စပ်လျဉ်း၍ မျှတသောကမ်းလှမ်းချက်ဖြစ်စေရေး ထိုင်းအစိုးရက ကတိပြုပြောကြားခဲ့ခြင်း
- အိန္ဒိယတွင် ဆောင်းရာသီ (Rabi) သီးနှံစိုက်ပျိုးမှုများအရှိန်ရနေသော်လည်း တောင်ပိုင်းပြည်နယ်များတွင် သီးနှံ စိုက်ပျိုးမှုများနောက်ကျနေ
- တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဒူးရင်းတင်ပို့မှုသည် ထိုင်းနိုင်ငံထက် သာလွန်ရောက်ရှိ
- ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယားမှ သီဟိုဠ်စေ့ ကုန်ကြမ်းတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်လာ
- ဖိလစ်ပိုင်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုအခြေအနေ ပိုမိုဆိုးရွားလာဖွယ်ရှိ
- ထိုင်းနိုင်ငံအတွင်းရှိ ဒူးရင်းသီးတောင်သူ ၈ ဒသမ ၈ သန်းကို အကူအညီပေးရန် အတွက် "ဒီဂျစ်တယ်ဒူးရင်းသီး" စီမံကိန်းကို ဒီဂျစ်တယ်စီးပွားရေးမြှင့်တင်မှု အေဂျင်စီ (Digital Economy Promotion Agency-Depa) က ထုတ်ပြန် ကြေညာခဲ့
- ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမမူဝါဒ ဖွံ့ဖြိုးတိုးတက်မှုကော်မတီက ကိုကိုးသီးနှံကို စောင့်ကြည့်သီးနှံစာရင်း အတွင်း ထည့်သွင်းခဲ့
- ဂျာမန်စီးပွားရေးသည် တတိယသုံးလပတ်တွင် မျှော်မှန်းထားခဲ့သည်ထက် နေးကွေးနေ
- အမေရိကန်အစိုးရသည် ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်ခံနိုင်စွမ်းရှိမှုကို ပံ့ပိုးရန် Corning ကုမ္ပဏီနှင့် Powerex ကုမ္ပဏီတို့နှင့် ပဏာမ သဘောတူညီခဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုခဲ့
- ယူအေအီးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံကျော် တန်ဖိုးပမာဏဖြင့် ကမ္ဘာ့စိန်ကုန်သွယ်မှုတွင် ဦးဆောင်သူအဖြစ် ရောက်ရှိလာခဲ့
- အိန္ဒိယ MSME များအနေဖြင့် အပေါင်ပစ္စည်းတစ်စုံတစ်ရာမပါဘဲ ငွေချေးငှားနိုင်တော့မည်
- တရုတ်နိုင်ငံ၏ အစေ့အဆန်စားသုံးမှုသည် မြင့်တက်လာလျက်ရှိပြီး လူတစ်ဦးချင်း စားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆတိုးလာ
- တရုတ်နိုင်ငံတွင် အထူးပြုကော်ဖီထုတ်လုပ်မှုမှ အကျိုးအမြတ်ရရှိရန် ဆောင်ရွက်လျက်ရှိ
- ဗီယက်နမ်ငရုတ်ကောင်းတင်ပို့မှုပမာဏတွင်ကျဆင်းခဲ့သော်လည်းတန်ဖိုးတွင်မြင့်တက်
- အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ဂျပန်နိုင်ငံကို ကျော်လွန်နိုင်ဖွယ်ရှိ
- ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ခုနှစ်၊ နှစ်လယ်ကာလအထိ သကြားတင်သွင်းမည့်အစီအစဉ်မရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနပြောကြား
- ဖိလစ်ပိုင်နိုင်ငံသည် ပြောင်းနှင့် ပိန်းဥ တို့အား ပြည်တွင်းရိက္ခာဖူလုံမှုရှိစေရန် ဆောင်ရွက်လျက်ရှိ
- ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ ကျောက်ပုစွန်တင်ပို့မှု ၃၃ ဆ မြင့်တက်

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး" အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း
- ဆန်ပို့ကုန်လုပ်ငန်းရှင်များ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ထားရှိသည့် ပို့ကုန်အခြေပြု အရန်ဆန်စနစ်တွင် ဆန်အိတ်ရေ ရှစ်သိန်းခန့်ထားရှိ

**ပြည်ပကုန်သွယ်မှုသတင်း**

- မြန်မာ့နာနတ်သီးများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုခဲ့

**အထူးဆောင်းပါးများ**

- သစ်တောပြုန်းတီးမှုကင်းစင်ရေးဆိုင်ရာ ထုတ်ကုန်စည်းမျဉ်းစည်းကမ်း (EUDR) အကောင်အထည်ဖော်နိုင်ရေးအတွက်သတ်မှတ်ထားသော နောက်ဆုံးရက်ကို တစ်နှစ် သက်တမ်းတိုးရန် အီးယူက အဆင်သင့်ဖြစ်နေ

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## မြို့သစ်မြို့နယ်၌ ကုလားပဲသီးနှံများ စိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်အတွင်းရှိ ဖန်ခါးပင်၊ စစ်တလင်း၊ ကွင်းကျေးရွာများတွင် နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစသည့် သီးနှံများကို ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံကိုလည်း ဧက ၁၅၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကုလားပဲသီးနှံကို အောက်တိုဘာလ၊ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလ၊ ပထမပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ကုလားပဲ(ဟော်လန်)မျိုးနှင့် ကုလားပဲ(929) မျိုးများကို တစ်ဧကလျှင် မျိုးစေ့ ၁၂ ပြည်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထွန်ကြောင်းဆွဲကာ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရ ကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ကုလားပဲ ၁၂-၁၆ တင်းခန့်ထွက်ရှိပြီး၊ ပဲတစ်တင်းလျှင် ငွေကျပ် ၇၈,၀၀၀-၈၂,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ၆၀၀,၀၀၀ ကျော် အမြတ် ရရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ၊ ဒုတိယပတ်တွင် ကုလားပဲ(ဟော်လန်)တစ်တင်းလျှင် ငွေကျပ် ၉၅,၀၀၀ – ၉၆,၅၀၀ ကျပ်၊ ကုလားပဲ(929) တစ်တင်းလျှင် ငွေကျပ် ၉၆,၀၀၀-၉၇,၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ကုလားပဲသီးနှံထွက်ပေါ်သည့် ရာသီမဟုတ်သောကြောင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့နှင့် တောင်တွင်းကြီးမြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့တင်ပို့ကြောင်း၊ ဒေသတွင်းရှိ ပဲကြော်၊ ပဲလှော်၊ မုန့်လုပ်ငန်းရှင်များမှလည်း ဝယ်ယူကြကြောင်း၊ ယခုအချိန်တွင် ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် သီးနှံအထွက်နှုန်းကောင်းမွန်၍ ဈေးကောင်း ရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA(မကွေး)**

Source: https://commerce.gov.mm/my/article/update-news-local-trade/31918

## ဟသ်ာတမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် စားတော်ပဲများအရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးကပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်တွင် နိုဝင်ဘာလ ဒုတိယပတ်မှစတင်ပြီး စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါစားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၃၅,၀၀၀ မှ ၅၅,၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ဒီနှစ် ဟင်္သာတမြို့နယ်မှာ စားတော်ပဲက အရင်ထက် တော်တော်လေးအရောင်းအဝယ်ကောင်းနေတယ်။ ပြည်တွင်း စားသုံးမှု အားကောင်းလာတာကြောင့် အခုလိုအရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိဒေသထွက်ပဲတွေကို ဒေသဈေးကွက် အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုအားကောင်းလာတာပါ”ဟု ဟင်္သာတ မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦး ကပြောပြသည်။

ဟင်္သာတမြို့နယ်တွင် စားတော်ပဲများကို ဝယ်ယူမည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၂,၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ Source: ရတနာပုံသတင်းစာ

## မင်းဘူးမြို့နယ်တွင် ခရမ်းသီးဈေးကောင်းရ၍ တောင်သူများအကျိုးအမြတ်ရ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကျောက်တန်းကျေးရွာတွင် စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သည့် ခရမ်းသီးကို တစ်ရာသီလုံး မြေအောက်ရေတင်စနစ်ဖြင့် ၉ ဧကခန့် စိုက်ပျိုး ထားကြောင်း သိရသည်။

ခရမ်းသီးကို စက်တင်ဘာလတွင် ပျိုးထောင်၍ စိုက်ပျိုးရပြီး နိုဝင်ဘာလတွင် စတင်ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် ခရမ်းသီး(အလုံးကြီး) မျိုးနှင့် ခရမ်းသီး(ဆင်စွယ်)မျိုးတို့ကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ ၁၇ ထုပ် ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ကို ပျိုးအိတ်ဖြင့် ပျိုးထောင်ပြီး ၁၅ ရက်သား သက်တမ်းအရွယ်တွင် အတန်းလိုက်စနစ်ဖြင့် မြေချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁,၄၀၀,၀၀၀ ကျပ် ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာချိန် ၁,၁၀၀-၁,၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ဒုတိယပတ်တွင် ခရမ်းသီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၃,၀၀၀-၄,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၁,၉၀၀,၀၀၀ ကျပ်ခန့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဒေသတွင်းရှိ ကုန်စိမ်းပွဲရုံများသို့ရောင်းချပြီး ထိုမှတစ်ဆင့် မကွေး၊ စလင်း၊ ဆင်ဖြူကျွန်းမြို့များသို့ တင်ပို့ကြောင်း၊ ယခုရာသီတွင် မိုးများ၍ ခရမ်းသီးအထွက်နှုန်း အနည်းငယ်လျော့နည်း သော်လည်း ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်များရရှိကြောင်း သိရသည်။ **DOCA (မကွေး)**

Source: https://commerce.gov.mm/my/article/update-news-local-trade/31920

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းခရုပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းခရု ပိဿာချိန် ၇၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်မှ ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ပန်းခရုပိဿာချိန် ၅၅,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပန်းခရု ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ဖျာပုံမြို့နယ်ကနေ ပန်းခရုတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ နေတာဖြစ်တယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရု ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချ ခဲ့ရတယ်။ တင်ပို့ရောင်းချခဲ့တဲ့

ပန်းခရုတွေရဲ့ လတ်ဆတ်မှုနဲ့သန့်ရှင်းမှုအပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲ ရှိပါတယ်။ ပန်းခရုတွေကို လတ်တလော ပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာဖြစ်တယ်”ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရုတစ်ပိဿာလျှင် ငွေကျပ် ၂၀,၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ပန်းခရုများအပြင် အခြားရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာကြောင်း သိရသည်။ Source:ရတနာပုံသတင်းစာ

## နိုင်ငံတကာဈေးကွက်

### အိန္ဒိယ၏ ဆန်တင်ပို့မှုကန့်သတ်ချက်ပယ်ဖျက်လိုက်ခြင်းကြောင့် ၂၀၂၅ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော်ရရှိနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြား

ဝယ်လိုအားကောင်းမွန်မှုနှင့် ဘာစမာတီမဟုတ်သော ဆန်များအပေါ် ကန့်သတ်ချက်များ ရုပ်သိမ်းခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန်သည် ၂၀၂၄-၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော် ရရှိရေးမျှော်မှန်းထားကြောင်းနှင့် ဆန်၊ ဂျုံနှင့် သကြားတို့တင်ပို့မှုအပေါ် ကန့်သတ်ထားခြင်းကြောင့် စိုက်ပျိုးရေး ထုတ်ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆ ဘီလီယံမှ ၇ ဘီလီယံခန့်အထိ သက်ရောက်မှုရှိကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

ဆန်တင်ပို့မှုသည် ယခင်နှစ်က တန်ချိန် ၁၄-၁၅ သန်းသာရှိခဲ့ရာမှ ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁၇-၁၈ သန်းအထိ ရှိလာဖွယ်ရှိကြောင်း၊ ပို့ကုန်အတွက် ကြီးမားစွာမြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဘာစမာတီတင်ပို့မှုသည် တန်ချိန် ၅ ဒသမ ၅ သန်းအထိရှိနိုင်ပြီး၊ ပေါင်းဆန်တင်ပို့မှုမှာ တန်ချိန် ၇ သန်း သို့မဟုတ် ၈ သန်းခန့်နှင့် ဘာစမာတီမဟုတ်သော ဆန်ဖြူ တန်ချိန် ၄ သန်းကျော်ရှိနိုင်ကြောင်း အဆိုပါ တာဝန်ရှိသူကပြောကြားခဲ့သည်။

ဂျုံတင်ပို့မှု ပိတ်ပင်ထားခြင်းအားရုပ်သိမ်းရေး ဆွေးနွေးမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ယခုအချိန်အထိ အစီအစဉ်မရှိသေးကြောင်းပြောကြားထားပြီး ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လယ်ယာထွက်ကုန်တင်ပို့မှုမှ ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရရှိရန် ရည်မှန်းထားကြောင်းလည်း သိရသည်။

အောက်တိုဘာလတွင် အစိုးရက ဘာစမာတီမဟုတ်သောဆန်ဖြူများ ပြည်ပသို့တင်ပို့မှုအပေါ် တားမြစ်ချက်အား ဖယ်ရှားခဲ့သောကြောင့် ပေါင်းဆန်နှင့် ဆန်လုံးညို (husked brown) တို့ကို တင်ပို့ခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည်။ အဆိုပါမူဝါဒ၊ အစီအမံများသည် နိုင်ငံတွင်း လက်လီဈေးနှုန်းများကို ထိန်းသိမ်းထားနိုင်ပြီး အရန်ဆန်သိုလှောင်ထားရှိမှုများပိုလျှံသည့်အချိန်တွင် ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ယခုဘဏ္ဍာရေးနှစ် ဧပြီလမှ ဩဂုတ်လအတွင်းတွင် ဘာစမာတီမဟုတ်သော ဆန်ဖြူအား အမေရိကန်ဒေါ်လာ ၂၀၁ သန်း တန်ဖိုးတင်ပို့ခဲ့သည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ယင်းဆန်ဖြူတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၅၂ ဒသမ ၅၂ သန်းရရှိခဲ့သည်။ ယင်းကာလအတွင်း အိန္ဒိယသည် ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်ထားသော်လည်း မော်လ်ဒိုက်၊ မောရစ်ရှပ်၊ ယူအေအီးနှင့် အာဖရိကနိုင်ငံများကဲ့သို့ ချစ်ကြည်ရင်းနှီးသောနိုင်ငံများသို့ တင်ပို့ခွင့်ပြုခဲ့သည်ကို တွေ့ရသည်။

အိန္ဒိယနိုင်ငံသည် ဆန်အမျိုးအစားမျိုးစုံကို စားသုံးမှုမြင့်မားသကဲ့သို့ ကမ္ဘာ့ဆန်ဈေးကွက်တွင်လည်း ဝယ်လိုအားမြင့်မားပြီး ရုရှားနှင့် ယူကရိန်းကြားစစ်ပွဲသည် ရိက္ခာဆန်ထောက်ပံ့မှုကွင်းဆက်ကို အနှောင့်အယှက်ဖြစ်စေသည့် အကြောင်းရင်းများထဲမှတစ်ခုဖြစ်သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များအတွက်မူဝါဒများကို ပြည်တွင်းစိုက်ပျိုး ထုတ်လုပ်နိုင်မှုနှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ကမ္ဘာ့ပထဝီစီးပွားရေး အခြေအနေများကို ထည့်သွင်းစဉ်းစားကာ ချမှတ်ကျင့်သုံး ဆောင်ရွက်နေမှုအားသိရှိနိုင်ရန်နှင့် ဘာစမာတီမဟုတ်သည့်ဆန်ဖြူတင်ပို့မှု ကန့်သတ်ချက်ဖယ်ရှားခဲ့မှုကြောင့် ကမ္ဘာ့ဆန်ဈေးကွက်အပေါ် သက်ရောက်မှုများရှိလာနိုင်ကြောင်း သိရသည်။

Source: Lifting rice export curbs to help push agri shipments over USD 50 bn in FY25: Official, The Economic Times, 12 November, 2024., စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Source: https://myantrade.gov.mm/article/Naypyitawstp_181120240945

## ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၉ သန်းသို့ ရောက်ရှိနိုင်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားခြင်း

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၉ သန်းသို့ရောက်ရှိနိုင်ပြီး ဝင်ငွေအမေရိကန် ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံရရှိနိုင်ကြောင်း ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ယခုနှစ် ပထမ ၉ လအတွင်း ဆန်တန်ချိန် ၇ ဒသမ ၄၅ သန်း တင်ပို့ခဲ့ပြီး ဝင်ငွေ ဘတ် ၁၇၂ ဘီလီယံ ရရှိထားခဲ့ရာ ပမာဏအားဖြင့် ၂၂ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၄၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အင်ဒိုနီးရှား၊ အီရတ်နှင့် အမေရိကန်စသည့် အဓိကဈေးကွက်များမှ ဝယ်လိုအားမြင့်တက်လာနိုင်ခြင်းကြောင့် ဆန်ပို့ကုန်သည် တန်ချိန် ၉ သန်းသို့ ရောက်ရှိနိုင်သည်ဟု ယုံကြည်ထားကြောင်း၊ မိုးခေါင်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့ကြောင့် ဆန်တင်သွင်းသူများက အစားအစာဖူလုံမှုအတွက်စားသုံးရန်နှင့် စတော့ခ်အဖြစ် သိမ်းထားလိုကြကြောင်း၊ ထိုင်းဆန်အများဆုံး တင်သွင်းသူမှာ အင်ဒိုနီးရှား တန်ချိန် ၁,၀၉၂,၁၂၈ ဖြစ်ပြီး စုစုပေါင်းဆန်ပို့ကုန်၏ ၁၄ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ယင်းနောက် အီရတ် တန်ချိန် ၉၀၇,၇၁၅ ဖြစ်ပြီး ၁၂ ဒသမ ၂ ရာခိုင်နှုန်း၊ အမေရိကန် (တန်ချိန် ၆၀၉,၄၃၀) ၈ ဒသမ ၁၈ ရာခိုင်နှုန်း၊ တောင်အာဖရိက (တန်ချိန် ၅၈၀,၂၈၈) ၇ ဒသမ ၇၉ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင် (တန်ချိန် ၃၉၉,၄၉၃) ၅ ဒသမ ၃၆ ရာခိုင်နှုန်း အသီးသီးဖြစ်ကြောင်း ဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

ယခုနှစ် နောက်ဆုံး ၃ လပတ်တွင် အဓိကဈေးကွက်များက ခရစ္စမတ်နှင့် နှစ်သစ်ကူးအတွက် ကြိုတင်ပြင်ဆင်မှုများကြောင့် ဝယ်လိုအားနှင့်အတူ ရိတ်သိမ်းရာသီသို့ နီးကပ်လာပြီဖြစ်သဖြင့် ဆန်တင်ပို့မှုမြင့်တက်လာနိုင်ကြောင်း၊ ကမ္ဘာ့ဆန်ကုန်သွယ်မှုနှင့် တောင်အာဖရိက၊ အမေရိကန်၊ တရုတ်၊ ဂျပန်၊ ဖိလစ်ပိုင်နှင့် စင်ကာပူကဲ့သို့သော ဈေးကွက်များသို့တင်ပို့မှုကို ထိန်းထားရန်နှင့် ဥရောပ၊ ကနေဒါနှင့် အရှေ့အလယ်ပိုင်းသို့ ဈေးကွက်သစ်များချဲ့ထွင်မည့် အစီအစဉ်ရေးဆွဲနိုင်ရေး နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနကို ညွှန်ကြားထားကြောင်း၊ ယခုနှစ် လက်ကျန်ကာလများတွင် ဝန်ကြီးဌာနက ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းစဉ်များမှာ ကမ္ဘာ့ဆန်ကုန်သွယ်မှုအပေါ် ဈေးကွက်သတင်းအချက်အလက်များမျှဝေရန်နှင့် လုပ်ငန်းညှိနှိုင်းမှုများ ဆောင်ရွက်ရန် Thailand Rice Convention ၂၀၂၄ ကို ကျင်းပသွားရန်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ထိုင်းဆန်တင်ပို့ခဲ့မှုသည် တန်ချိန် ၈ ဒသမ ၈ သန်းရှိခဲ့ပြီး ပို့ကုန်ရငွေ အမေရိကန် ဒေါ်လာ ၅ ဒသမ ၁၄ ဘီလီယံရှိခဲ့ကြောင်း သိရသည်။ Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_201120240100

## ဆန်အမျိုးအမည် လိမ်လည်တင်ပို့ရန်ကြိုးပမ်းခဲ့သည့် ကုမ္ပဏီ ၂ ခုအား အိန္ဒိယအကောက်ခွန်ဌာနမှ ထိရောက်စွာအရေးယူ

ဘာစမာတီမဟုတ်သောဆန်ဖြူကို ဘာစမာတီမဟုတ်သောသြဂဲနစ်ဆန်ဖြူအဖြစ် လိမ်လည်တင်ပို့ရန် ကြိုးပမ်းခဲ့သည့် ကုမ္ပဏီ ၂ ခုအား အိန္ဒိယအကောက်ခွန်ဌာနမှ ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီ ၂ ခု၏ အမည်မှာ Reliteaur Foods Private နှင့် Elite Agro Specialities ကုမ္ပဏီတို့ဖြစ်ကာ ၎င်းတို့သည် ဘာစမာတီမဟုတ်သောဆန်ဖြူကို ဘာစမာတီမဟုတ်သော သြဂဲနစ်ဆန်ဖြူအဖြစ် လိမ်လည်တင်ပို့ရန် ကြိုးပမ်းခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။ ယင်းသို့ ကုန်အမျိုးအမည်လိမ်လည်၍ ထုတ်ဖော်ကြေညာခဲ့သည့်အတွက် ၎င်းတို့အနေဖြင့် ဒဏ်ငွေ ရူပီး ၇၅ သိန်းစီ ပေးဆောင်ကြရမည်ဖြစ်ကာ ၎င်းတို့၏ ဆန် ၂၅,၅၀၀ တန်နှင့် ၁၆,၇၀၀ တန်တို့အား သိမ်းဆည်းခံရခြင်းမရှိရန် နောက်ထပ် ဒဏ်ငွေ ရူပီး ၉၅ သိန်းနှင့် ၆၅ သိန်း အသီးသီး ထပ်မံပေးဆောင်ကြမည်ဟု သိရသည်။

အိန္ဒိယအကောက်ခွန်ဌာနအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီများကို ယင်းသို့ ဒဏ်ငွေများပေးဆောင်စေရန် အရေးယူထားသည့်တိုင် ထပ်မံ၍ တင်းတင်းကြပ်ကြပ်အရေးယူသင့်သည်ဟု ဆန်လောကကျွမ်းကျင်သူများက ထောက်ပြပြောဆိုကြသည်။ ကုန်သည်များအနေဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသောဆန်များအတွက် သိုလှောင်စရိတ်နှင့် အခြားစရိတ်များ ထပ်မံကုန်ကျလာဖွယ်ရှိသည့်အတွက် အာဏာပိုင်များအနေဖြင့် အထက်ပါဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပြင်ဆင်သွားဖွယ်ရှိကြောင်းလည်း သိရသည်။

အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ ပို့ကုန်ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (Agricultural and Processed Food Products Export Development Authority – APEDA)မှ ၎င်းကုမ္ပဏီများကို ယာယီလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်များ အလျင်ဦးစွာထုတ်ပေးခဲ့ပြီးနောက်မှ ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါအဖွဲ့အစည်း၏ ပေါ့လျော့မှုနှင့် အတည်ပြုစစ်ဆေးမှု လုပ်ငန်းစဉ်အပေါ် မေးခွန်းထုတ်ဖွယ်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ လိမ်လည်တင်ပို့သည့် အလေ့အကျင့်များနှင့် မသမာမှုများအပေါ် အထူးပင်စိုးရိမ်မကင်းဖြစ်ရကြောင်း ကုန်သည်အသိုင်းအဝိုင်းမှ ကျွမ်းကျင်သူများက ဖော်ထုတ်ပြောကြားခဲ့သည်။ အဆိုပါ မလျှော်ကန်သော လုပ်ဆောင်ချက်များကြောင့် အိန္ဒိယသြဂဲနစ်ဆန်၏ နာမည်ဂုဏ်သတင်းကိုထိခိုက်စေယုံသာမက မှန်မှန်ကန်ကန် ဆောင်ရွက်လျက်ရှိသည့် အခြားကုမ္ပဏီများအပေါ်လည်း ထိခိုက်နစ်နာမှုများရှိစေသည်ဟု ပြောကြားခဲ့သည်။ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ယင်းသို့ ဥပဒေနှင့်မညီသော ပြုမူဆောင်ရွက်မှုများအပေါ် ထိရောက်စွာ ကာကွယ်တားဆီးနိုင်ခြင်းရှိ မရှိကို မေးခွန်းထုတ်ဖွယ်ဖြစ်နေသည်ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် အဆိုပါကိစ္စအပေါ် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိကာ ပါဝင်ပတ်သက်သူများအပေါ် နောက်ထပ်အရေးယူဆောင်ရွက်မှုများပြုလုပ်ဖွယ်ရှိ မရှိကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်းနှင့် အလားတူဖြစ်ရပ်များ ထပ်မံဖြစ်ပွားမှုမရှိစေရန် ပိုမိုတင်းကြပ်သော စီမံဆောင်ရွက်မှုများ ပြုလုပ်သွားဖွယ်ရှိကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပြည်ပသို့ တင်ပို့ခွင့် ပိတ်ပင်ထားခဲ့သော ဘာစမာတီမဟုတ်သောဆန်ဖြူကို မကြာသေးမီက လွတ်လပ်စွာ ပြန်လည်တင်ပို့ခွင့်ပြုခဲ့ပြီးနောက် ယခုကဲ့သို့ မသမာမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သက်ဆိုင်ရာမှ အလားတူဖြစ်ရပ်များ ထပ်မံဖြစ်ပွားမှုမရှိစေရန် ပိုမိုတင်းကြပ်သော စီမံဆောင်ရွက်မှုများ ပြုလုပ်သွားဖွယ်ရှိကြောင်း သုံးသပ်ရသည်။

Ref: The Hindu Businessline, Customs imposes penalties on 2 firms for irregularities in organic rice exports, November 18, 2024 , စီးပွားရေးသံမှူးရုံး၊ကော်လ်ကတ္တားမြို့

Source: https://myantrade.gov.mm/article/Naypyitawstp_22112240335

## ထိုင်းစပါးစိုက်တောင်သူများအတွက် ဈေးနှုန်းနှင့်စပ်လျဉ်း၍ မျှတသောကမ်းလှမ်းချက်ဖြစ်စေရေး ထိုင်းအစိုးရက ကတိပြုပြောကြားခဲ့ခြင်း

ထိုင်းစပါးစိုက်တောင်သူများကို ထောက်ပံ့ပေးနိုင်ရန် နိုင်ငံအဆင့် ဆန်မူဝါဒကော်မတီက အတည်ပြုပြီးဖြစ်သည့် အစီအမံများကို အကောင်အထည်ဖော်မည့်အစီအစဉ်များကြောင့် ၂၀၂၄-၂၅ စပါးရိတ်သိမ်းရာသီသစ်အတွက် ဈေးနှုန်းကို ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

စပါးတန်ချိန် ၁၃ ဒသမ ၄ သန်းသည် ဈေးကွက်အတွင်း ရောက်ရှိပြီဖြစ်ကြောင်း၊ ဆန်စက်များတွင် ဆန်လက်ကျန်ပမာဏလျော့နည်းနေခြင်းကြောင့် ထိုင်း Hom mali ရနံ့ပါဆန်၊ ပသူသနီဆန်နှင့် ကောက်ညှင်းဆန်အရောတို့၏ဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လျက်ရှိကြောင်း၊ နိုဝင်ဘာလ ၁၅ ရက်နေ့ ပျမ်းမျှဈေးနှုန်းမှာ စိုထိုင်းမှု ၁၅ ရာခိုင်နှုန်းစပါးဈေးနှုန်းသည် တစ်တန်လျှင် ဘတ် ၁၀,၅၅၀ ဖြစ်ပြီး တစ်တန်လျှင် ဘတ် ၅၀၀ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ အရှေ့မြောက်ခြမ်းတွင် မိုးများသောကြောင့် စပါးစိုထိုင်းမှု မြင့်တက်လာခဲ့ပြီး ရောင်းဈေးကျဆင်းခဲ့ကြောင်း၊ တောင်သူများအတွက် သင့်တင့်သောဈေးနှုန်းဖြစ်စေရေးစောင့်ကြည့်ရန် ပြည်နယ်စီးပွားကူးသန်းရုံးများနှင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနကို ဝန်ကြီးကလမ်းညွှန်ထားကြောင်း ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ Mr. Wittayakorn Maneenetr က ပြောကြားခဲ့သည်။

ပြည်နယ်စီးပွားကူးသန်းရုံးနှင့် ပူးပေါင်း၍ ၃၃ ပြည်နယ်ရှိ တောင်သူများနှင့် ချိတ်ဆက်ကာ ၂၀၂၄-၂၅ ရိတ်သိမ်းရာသီအတွက် ဈေးကွက်တစ်ခုကို နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့ထိ နောင်ခိုင်တွင်လည်းကောင်း၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ Phrae ပြည်နယ်တွင်လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ Hom mali ဆန်၏ ပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၃၅၊ ပသူသနီမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၇၅၊ ဆန်ဖြူ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၀၃၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၁ နှင့် ကောက်ညှင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၁၈ စသည်ဖြင့် ဈေးနှုန်းသတ်မှတ်ထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ပထမ ၁၀ လအတွင်း ဆန်တန်ချိန် ၈ ဒသမ ၃၇ သန်း တင်ပို့ပြီးဖြစ်သဖြင့် ထိုင်းဆန်၏ ပို့ကုန်သည် တိုးတက်မှုရှိနေကြောင်း ဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

အမေရိကန်၊ ဟောင်ကောင်နှင့် ကနေဒါ အစရှိသည့် အဓိကဈေးကွက်များ၏ ဝယ်လိုအားကြောင့် ယခုနှစ်အတွင်း ဆန်တင်ပို့မှုသည် တန်ချိန် ၉ သန်းကို ရောက်ရှိနိုင်ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံ ရရှိနိုင်သည်ဟု နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနနှင့် ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားကြောင်း သိရသည်။

ယခုနှစ် နောက်ဆုံး ၃ လပတ်တွင် အဓိကဈေးကွက်များက ခရစ္စမတ်နှင့် နှစ်သစ်ကူးအတွက် ကြိုတင်ပြင်ဆင်မှုများကြောင့် ဝယ်လိုအားနှင့်အတူ ရိတ်သိမ်းရာသီသို့ နီးကပ်လာပြီဖြစ်သဖြင့် ထိုင်းဆန်တင်ပို့မှု မြင့်တက်လာနိုင်ကြောင်း၊ ကော်မတီက အတည်ပြုထားသည့် ဆန်ဈေးနှုန်းတည်ငြိမ်စေရေးအစီအမံများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် ဝန်ကြီးဌာနကို

ဝန်ကြီးချုပ် H.E Ms. Paeto-ngtarn Shinawatra က လမ်းညွှန်မှာကြားထားကြောင်း၊ အဆိုပါ အစီအမံများသည် ရိုတ်သိမ်းရာသီအတွင်း ဆန်ပမာဏ ပိုလျှံသွားမှုကြောင့် ဈေးနှုန်းကျဆင်းမှုကို ကာကွယ်ရန်ဖြစ်ကြောင်း၊ ပထမအစီအမံမှာ တန်ဖိုး ဘတ် ၈ ဒသမ ၃၆ ဘီလီယံနှင့် တန်ချိန် ၃ သန်းရှိသည့် စိုထိုင်းမှုအဆင့် ၂၅ ရာခိုင်နှုန်းရှိသော Hom mali ဆန်ရောင်းချမှုကို ရွှေ့ဆိုင်းထားရန် တောင်သူများသို့ ချေးငွေထုတ်ပေးခြင်း၊ ဒုတိယအစီအမံမှာ အစိုးရနှင့်သဘောတူညီထားသည့် ပမာဏရရှိစေရေးအတွက် တောင်သူများထံမှ ဆန်စပါးများ စုစည်းပေးမည့် ဆန်စပါးတောင်သူအသင်းသို့ ချေးငွေပေးအပ်ခြင်းနှင့် တတိယအစီအမံမှာ ဆန်စပါးအပေါ်အစီအစဉ်တွင်ပါဝင်သော သိုလှောင်ရုံလုပ်ငန်းရှင်များကို အထောက်အပံ့ပေးခြင်းတို့ဖြစ်ကြောင်း သိရသည်။ Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။
Source: https://myantrade.gov.mm/article/Naypyitawstp_201120240103

## အိန္ဒိယတွင် ဆောင်းရာသီ (Rabi) သီးနှံစိုက်ပျိုးမှုများအရှိန်ရနေသော်လည်း တောင်ပိုင်းပြည်နယ်များတွင် သီးနှံစိုက်ပျိုးမှုများနောက်ကျနေ

အိန္ဒိယနိုင်ငံတွင် ပွဲတော်ရာသီနီးကပ်လာသည်နှင့်အမျှ လယ်သမားများသည် လွန်ခဲ့သည့် လအနည်းငယ်အတွင်း ဈေးကောင်းရရှိခဲ့သည့် ကုလားပဲ၊ ဂျုံ မုန်ညင်းနှင့် ပဲနီလေးတို့ကို ရွေးချယ်စိုက်ပျိုးလာမှုနှင့်အတူ ပြည်နယ်အားလုံးနီးပါးတွင် ဆောင်းရာသီ သီးနှံစိုက်ပျိုးမှုများကို အရှိန်မြင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အိန္ဒိယတောင်ပိုင်းပြည်နယ်များဖြစ်သည့် Andhra Pradesh၊ Kerala နှင့် Tamil Nadu တို့တွင် မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ဆောင်းရာသီ သီးနှံစိုက်ပျိုးမှုများ နှောင့်နှေးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အထူးသဖြင့် တောင်ပိုင်းပြည်နယ်များ၌ ကုလားပဲစိုက်ပျိုးမှုများကို နှောင့်နှေးစေခဲ့သဖြင့် တောင်သူများအား မတ်ပဲကဲ့သို့သော ဈေးကောင်းရရှိသည့် အခြားသီးနှံများကို ရွေးချယ်ရန်ဖြစ်လာကြောင်း Andhra Pradesh ပြည်နယ်မှ လယ်သမားတစ်ဦးဖြစ်သူ G Reddy က ပြောကြားခဲ့သည်။ Andhra Pradesh နှင့် Tamil Nadu တို့သည် မတ်ပဲစိုက်ပျိုးထုတ်လုပ်ရာတွင် ထင်ရှားသည့်ပြည်နယ်များဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ်တွင် ပဲစင်းငုံ၊ မတ်ပဲနှင့် ကုလားပဲ ထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပဲဈေးနှုန်းများမြင့်တက်ခဲ့ပြီး အလုံးစုံစားသောက်ကုန်ငွေကြေးဖောင်းပွမှုကိုကြုံတွေ့ခဲ့ရသဖြင့် အစိုးရသည် သွင်းကုန်ကန့်သတ်ချက်အားလုံးကိုဖယ်ရှားခဲ့ပြီး သိုလှောင်မှုဆိုင်ရာ ကန့်သတ်ချက်များချမှတ်ခဲ့သည်ကို တွေ့ရသည်။ မိုးရာသီတွင် မတ်ပဲစိုက်ပျိုးမှုသည်လည်း ပြည်တွင်းလိုအပ်ချက်ကိုပြည့်မီခြင်းမရှိသဖြင့် ဆောင်းရာသီ အထွက်နှုန်းကောင်းခြင်းသည် လယ်သမားများကို ဈေးပိုကောင်းအောင်ကူညီပေးနိုင်သည်ဟု Reddy က ပြော ကြားထားသည်။

အနောက်ပိုင်းပြည်နယ်များတွင် ဂျုံစိုက်ပျိုးမှုအားအရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပြီး ဂျုံသည်အဓိကဆောင်းရာသီသီးနှံဖြစ်ပြီး နိုင်ငံအတွင်းစားသုံးသည့် အဓိက အစားအစာများထဲမှ တစ်ခုဖြစ်သည်။

Rajasthan ပြည်နယ်တွင် ဂျုံကို ဟက်တာ ၄၆,၀၀၀ ခန့် စိုက်ပျိုးထားရှိပြီး ယင်းမှာ ပြီးခဲ့သည့်နှစ်က မှတ်တမ်းတင်ထားသည့် ဟက်တာ ၆,၀၀၀ ထက် သိသိသာသာတိုးလာကြောင်း ပြည်နယ်အစိုးရ၏ အချက်အလက်များအရ သိရသည်။

ယခုရာသီအတွက် Rajasthan အစိုးရသည် ပြည်နယ်အတွင်း ဂျုံစိုက်ပျိုးရန်အတွက် ဟက်တာ ၃ ဒသမ ၂ သန်းကို ရည်မှန်းထားကြောင်း သိရသည်။ ဂျုံစိုက်ပျိုးခြင်းကို အနောက် ဂူဂျာရတ်နှင့် Rajasthan ပြည်နယ်များတွင် စတင်စိုက်ပျိုးပြီး Haryana နှင့် Punjab ပြည်နယ်တို့တွင်လည်း စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ဂျုံ၏အနိမ့်ဆုံးထောက်ပံ့ရေးဈေးနှုန်း (MSP) ကို ၂၀၂၅-၂၆ ရာသီချိန်အတွက် ၁၀၀ ကီလိုဂရမ်လျှင် ၂,၂၇၅ ရူပီးအဖြစ် ၁၅၀ ရူပီး တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ၂၀၂၃-၂၄ ခုနှစ်တွင် ဂျုံစိုက်ပျိုးဧရိယာ ဟက်တာ ၃၁ ဒသမ ၈၃ သန်းရှိပြီး ထုတ်လုပ်မှုမှာ တန်ချိန် ၁၁၃ ဒသမ ၉၂ သန်း ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ Uttar Pradesh ပြည်နယ်သည် နိုင်ငံအတွင်း ဂျုံအများဆုံးထွက်ရှိနေသည့် ပြည်နယ်ဖြစ်ပြီး ၎င်း၏နောက်တွင် Madhya Pradesh၊ Punjab၊ Haryana၊ Rajasthan၊ Bihar၊ Gujarat နှင့် Maharashtra တို့မှာ အသီးသီးရပ်တည်လျက်ရှိသည်။

အာလူးသည် ယခင်နှစ် စိုက်ပျိုးထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ဈေးကောင်းရရှိလာခြင်းနှင့်အတူ ယခုနှစ်ဆောင်းရာသီတွင်စိုက်ပျိုးရန် တောင်သူများ၏ ဦးစားပေးသီးနှံဖြစ်လာနိုင်ကြောင်းလည်း သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ဆောင်းရာသီ သီးနှံများအရှိန်အဟုန်ဖြင့် စိုက်ပျိုးနေသော်လည်း တောင်ပိုင်းဒေသ အချို့ပြည်နယ်များတွင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် ကုလားပဲအစား မြန်မာနိုင်ငံ၏ အဓိကတင်ပို့ကုန် တစ်မျိုးဖြစ်သော မတ်ပဲကို အစားထိုးစိုက်ပျိုးလာခြင်း မတ်ပဲဈေးကွက်အပေါ် သက်ရောက်မှုများရှိလာနိုင်သဖြင့် လေ့လာစောင့်ကြည့်သင့်သည်။
Source: Rabi sowing gains pace but southern states lag, The Economic Times, 24 October, 2024.

စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Source: https://myantrade.gov.mm/article/Naypyitawstp_181120241001

## တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဒူးရင်းတင်ပို့မှုသည် ထိုင်းနိုင်ငံထက် သာလွန်ရောက်ရှိ

ဗီယက်နမ်နိုင်ငံသည် စက်တင်ဘာလတွင် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတန်ချိန် ၁၇၇,၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၄၀ ဒသမ ၇၂ သန်း တင်ပို့ခဲ့ပြီး အဆိုပါဈေးကွက်အတွင်း ဒူးရင်းသီးအများဆုံးရောင်းချသည့် ထိုင်းနိုင်ငံကို ကျော်တက်သွားကြောင်းတွေ့ရသည်။ တရုတ်နိုင်ငံမှ တစ်လတာအတွင်း အသုံးစရိတ် အမေရိကန်ဒေါ်လာ ၈၉၄ ဒသမ ၅၈ သန်းဖြင့် စုစုပါင်း တန်ချိန် ၂၂၈,၀၀၀ တင်သွင်းခဲ့ပြီး ထိုကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်သည် တင်ပို့မှုစုစုပေါင်း၏ ၇၇ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ အထွေထွေအကောက်ခွန်ဦးစီးဌာန၏ သတင်းကိုကိုးကား၍ Thanh Nien သတင်းစာက ဖော်ပြခဲ့သည်။

သို့သော် ထိုင်းနိုင်ငံသည် ယခုနှစ် ပထမ ၉ လ အတွင်း ဒူးရင်းသီးတင်ပို့ရာတွင် ဦးဆောင်နေခဲ့ပြီး တန်ချိန် ၇၅၅,၀၀၀ နီးပါးတင်ပို့ခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃ ဘီလီယံရှိကြောင်း၊ ဈေးကွက်ဝေစုအနေဖြင့် ၅၄ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း Dan tri အွန်လိုင်း သတင်းစာက ဖော်ပြခဲ့သည်။ သို့ရာတွင် အဆိုပါ ကိန်းဂဏန်းများသည် တစ်နှစ်ထက်တစ်နှစ် ၁၄ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၁၃ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

ဗီယက်နမ်သည် အလားတူကာလအတွင်း သိသိသာသာတိုးတက်မှုရရှိခဲ့ပြီး အမေရိကန် ဒေါ်လာ ၂ ဒသမ ၄၅ ဘီလီယံ တန်ဖိုးရှိ ဒူးရင်းသီး တန်ချိန် ၆၁၈,၀၀၀ တင်ပို့ခဲ့သည်။ ၎င်းသည် ပမာဏအားဖြင့် ၇၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၅၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်းမှ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen ၏ ပြောကြားချက်အရ ဗီယက်နမ်နိုင်ငံသည် ဒူးရင်းသီးတင်ပို့သည့်ဈေးကွက်အတွင်း ရာသီချိန်ပြင်ပဒူးရင်းသီးများကို ထိုင်းဒူးရင်းရာသီကုန်ဆုံးပြီးချိန်တွင် တင်ပို့နိုင်ခြင်းကြောင့် အသာစီးရရှိခြင်းဖြစ်ကြောင်း သိရသည်။

နှစ်ကုန်အားလပ်ရက်များနှင့် နှစ်သစ်ကူးပွဲတော်အတွက် စားသုံးသူများဝယ်လိုအားတိုးလာသောကြောင့် တရုတ်ဝယ်လိုအားလည်း မြင့်တက်လာသည်ဟု Nguyen က ပြောကြားခဲ့သည်။ ဗီယက်နမ်သည် တရုတ်နိုင်ငံနှင့် ကုန်းလမ်းနှင့် ရထားလမ်းများ ချိတ်ဆက်မှုကဲ့သို့သော သယ်ယူပို့ဆောင်ရေး အားသာချက်များမှ ပို့ကုန် လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ပို့ကုန်များတင်ပို့ရာတွင် အချိန်နှင့် ကုန်ကျစရိတ်များကို သက်သာစေကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ဒူးရင်းဈေးကွက်အတွင်း ၎င်း၏ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်အတွက် ထိုင်းနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေး မြှင့်တင်ရေးအေဂျင်စီသည် “One Tambon, One Digital” ဟုခေါ်သည့် စီမံကိန်းကို မကြာသေးမီက စတင်အကောင်အထည်ဖော်ခဲ့ပြီး၊ ၎င်းသည် ဒူးရင်းတောင်သူများ၏ ကုန်ထုတ်စွမ်းအားမြှင့်တင်ရန်၊ထိုင်းဒူးရင်းကို စားသုံးသူများ၏ ယုံကြည်မှုတည်ဆောက်ရန်နှင့် ကမ္ဘာ့အတိုင်းအတာဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ မြှင့်တင်ရန် ရည်ရွယ်ကြောင်း Bangkok Post တွင် ဖော်ပြထားပြီး တရုတ်နှင့် အိမ်နီးချင်းနိုင်ငံများ၏ ပြိုင်ဆိုင်မှုတိုးလာခြင်းကြောင့် ဤစီမံကိန်းသည် အထူးထင်ရှားကြောင်း သိရသည်။

အဆိုပါ ပဏာမခြေလှမ်းသည် စိုက်ပျိုးမှုဆိုင်ရာဒေတာများမှတ်တမ်းတင်ခြင်းအတွက် ဒစ်ဂျစ်တယ် ပလက်ဖောင်းများအသုံးပြုခြင်းဖြင့် လွယ်ကူချောမွေ့စေကာ မွေးမြူရေး အိမ်ထောင်စု ၆,၁၀၀ ကျော်အတွက် အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။ ထို့ပြင် ပြည်နယ် ၂၃ ခုရှိ တောင်သူ ၁၂,၂၀၀ ကို ဒူးရင်းတင်ပို့မှုအတွက် မရှိမဖြစ်လိုအပ်သော E-commerce နှင့် Good Agricultural Practices (GAP) တို့အား လေ့ကျင့်သင်ကြားပေးရန် ရည်မှန်းထားကြောင်း ဖော်ပြထားသည်။ လက်ရှိတွင် ထိုင်းနိုင်ငံတွင် ဒူးရင်းစိုက်ဧက ဟက်တာ ၁၆၃,၂၀၀ ခန့်ရှိပြီး နှစ်စဉ် အသီးတန်ချိန် ၁ ဒသမ ၅၃ သန်းခန့် ထွက်ရှိကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်တွင် ဒူးရင်းသည် ထိုင်းနိုင်ငံ သစ်သီးတင်ပို့မှု၏ ၆၉ ရာခိုင်နှုန်း ပါဝင်ပြီး တရုတ်သို့ အဓိကဈေးကွက်အဖြစ် တင်ပို့လျက်ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ၉၀ ရာခိုင်နှုန်းဖြစ်သည့် ဒူးရင်းတန်ချိန် ၅၀၀,၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံဖိုး တင်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။ ဗီယက်နမ်နိုင်ငံတွင် စိုက်ဧက ဟက်တာ ၁၅၄,၀၀၀ ရှိပြီး အထွက်နှုန်း တန်ချိန် ၁ ဒသမ ၂ သန်းရှိကြောင်း ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်အစောပိုင်းက တရုတ်နိုင်ငံသို့ ဒူးရင်းတင်ပို့မှုတွင် ထိုင်းနိုင်ငံကို ကျော်တက်ခဲ့ပြီး တန်ချိန် ၃၂,၇၅၀ တင်ပို့ခဲ့သည်။ အလားတူကာလတွင် ထိုင်းနိုင်ငံ၏ တင်ပို့မှုမှာ တန်ချိန် ၁၉,၀၀၀ တန်ရှိပြီး ယခင်နှစ်ထက် ထက်ဝက်ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

Source: VN Express International , (စီးပွားရေးသံမှူးမြန်မာသံရုံး၊ ဟနွိုင်းမြို့)

Source: https://myantrade.gov.mm/article/npt-221120240430

## ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယားမှ သီဟိုဠ်စေ့ ကုန်ကြမ်းတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်လာ

ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ တင်သွင်းမှုသည် ယခုနှစ်၏ ၁၀ လတာ ကာလအတွင်း တန်ချိန် ၂ ဒသမ ၃ သန်းကျော် ရောက်ရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉ ဘီလီယံရှိကြောင်း၊ ယခင်နှစ် အလားတူကာလထက် ပမာဏ အားဖြင့် ၈ ဒသမ၅ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်း ခဲ့ကြောင်း VOV သတင်းဌာနမှ အကောက်ခွန် ဦးစီးဌာန၏ စာရင်းဇယားများကို ကိုးကားဖော်ပြခဲ့သည်။

အဆိုပါကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် သီဟိုဠ်စေ့ အများဆုံးတင်သွင်းသူဖြစ်ပြီး တန်ချိန် ၈၁၅,၀၀၀ ကျော်နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ဘီလီယံရှိကြောင်း ဖော်ပြထားသည်။ အိုင်ဗရီကို့စ်သည် ဒုတိယအကြီးဆုံး သီဟိုဠ်စေ့တင်သွင်းသူဖြစ်ပြီး တန်ချိန် ၅၄၇,၀၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၇၈ သန်းကျော် တင်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။ ဂါနာသည် တတိယအကြီးဆုံး သီဟိုဠ်စေ့တင်ပို့သည့်နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃၀၁ သန်းကျော် တန်ဖိုးရှိ သီဟိုဠ်စေ့တန်ချိန် ၂၆၄,၀၀၀ ကျော်တင်ပို့ခဲ့သည်။

နိုင်ငံတကာ ကျွမ်းကျင်သူ အများအပြား၏ အဆိုအရ သွင်းကုန်နှင့် ပို့ကုန် နှစ်ခုစလုံး၏ သီဟိုဠ်စေ့ ဈေးနှုန်းများသည် ယခုနှစ်အစပိုင်းမှ စတင်ကာ ဆက်တိုက် အတက်အကျများရှိခဲ့ကြောင်းသိရသည်။ ထို့သို့မတည်မငြိမ်ဖြစ်မှုများသည် ထောက်ပံ့ ရေးကွင်းဆက်ပြတ်တောက်၍ စိုက်ပျိုးဧရိယာများ ပိုမိုကျဉ်းမြောင်းလာစေခြင်း ကြောင့်ဖြစ်ကြောင်း ယူဆရသည်။

ကမ္ဘာ့အကြီးဆုံး သီဟိုဠ်စေ့ထုတ်လုပ်ငန်းဆောင်ရွက်နေသည့် ဗီယက်နမ်နိုင်ငံအနေဖြင့် သီဟိုဠ်စေ့ကုန်ကြမ်းတင်သွင်း မှုကျဆင်းခြင်းနှင့်ရင်ဆိုင်နေရပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သီဟိုဠ်စေ့ တင်သွင်းမှု ၁၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်။ သီဟိုဠ်စေ့ အစိမ်းရရှိသည့် အဓိကအရင်းအမြစ်ဖြစ်သော အနောက်အာဖရိကတွင် ရိတ်သိမ်းမှုအားနည်း ချက်ကြောင့် ထောက်ပံ့မှုပြတ်လပ်ခြင်းနှင့် ရင်ဆိုင်နေရပြီး ရလဒ်အနေဖြင့် သီဟိုဠ်စေ့ကုန်ကြမ်း ကုန်ကျစရိတ် မြင့်တက်လာခဲ့ ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အာရှနိုင်ငံများတွင် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးသူများ တိုးပွားများပြားလာခြင်းကြောင့် ဝယ်လိုအား အားကောင်းလျက်ရှိသည်။ ထို့ပြင် အကန့်အသတ်ရှိသော ကုန်ကြမ်းထောက်ပံ့မှုများအတွက် ဝယ်လိုအားမြင့်တက် လာခြင်းသည် ဈေးကွက်အတွင်း ဈေးနှုန်းများ ပိုမိုမြင့်တက်လာစေကြောင်း ဖော်ပြထားသည်။

ယခုနှစ် ပထမ ၉ လတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သီဟိုဠ်စေ့ တန်ချိန် ၅၈၁,၃၃၀ တင်ပို့ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၈ ဘီလီယံရရှိခဲ့သည်။ ၎င်းသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၂၈ ရာခိုင်နှုန်းတိုးလာပြီး တန်ဖိုးအားဖြင့် ၃၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

ယခုနှစ်အတွက် ဗီယက်နမ်နိုင်ငံအနေဖြင့် သီဟိုဠ်စေ့တင်ပို့မှု စံချိန်တင်တန်ဖိုး အမေရိကန် ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံ ရရှိရန်ရည်မှန်းထားပြီး ၂၀၂၃ ခုနှစ်တွင် စံချိန်တင်ထားသည့်အဆင့်ထက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့် ပိုမိုရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

သို့ဖြစ်၍ သီဟိုဠ်စေ့ ကုန်ချောများ ပိုမိုတင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည့် ဗီယက်နမ်နိုင်ငံတွင် သီဟိုဠ်စေ့ ကုန်ကြမ်းလိုအပ်ချက်များစွာရှိမည်ဖြစ်ရာ အဆိုပါလိုအပ်ချက် ကုန်ကြမ်းဈေးကွက်သို့ သီဟိုဠ်စေ့ကုန်ကြမ်းများ ပေးပို့တင်သွင်း မည်ဆိုပါက နိုင်ငံခြားဝင်ငွေရရှိစေမည့် ဈေးကွက်တစ်ခုဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

Source: https://english.vov.vn/en/economy , (စီးပွားရေးသံမှူး၊မြန်မာသံရုံး၊ ဟန္နိုင်းမြို့)

Source: https://myantrade.gov.mm/article/npt-221120240313

## ဖိလစ်ပိုင်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုအခြေအနေ ပိုမိုဆိုးရွားလာဖွယ်ရှိ

အစိုးရ၏ စဉ်ဆက်မပြတ်သော အခြေခံအဆောက်အအုံစီမံကိန်းများ များပြားလာခြင်းနှင့် တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် နှေးကွေးလာပြီး ကုန်သွယ်ရေးမညီမျှချက်များဖြစ်ပေါ်လာခဲ့ကြောင်း၊ ဧပြီလမှစတင်၍ ပို့ကုန်ရငွေနှင့် သွင်းကုန်အပေါ်ပေးချေရသည့် ငွေပမာဏသည် ကွာဟမှုကြီးလာပြီး စက်တင်ဘာလထိ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး လ ၂၀ အတွင်း အကြီးမားဆုံးကွာဟချက်တစ်ခုဖြစ်ခဲ့သည်။

အစိုးရအနေဖြင့် စဉ်ဆက်မပြတ်သော အခြေခံအဆောက်အအုံစီမံကိန်းများကို တွန်းအားပေးဆောင်ရွက်လာခြင်း ကြောင့် လိုအပ်သည့်ဆောက်လုပ်ရေးပစ္စည်းများအား ပြည်ပမှတင်သွင်းဝယ်ယူမှု များပြားလာကြောင်း၊ ကမ္ဘာ့ပို့ကုန် တင်ပို့မှု အဆင့်တွင် ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၇ မှ စတင်၍ အဆင့်ကျဆင်းခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ထိပ်တန်းပို့ကုန်ပစ္စည်းဖြစ်သော တစ်ပိုင်းလျှပ်ကူးပစ္စည်းများ တင်ပို့မှုသည်ကျဆင်းလာခဲ့ပြီး အခြားဒေသတွင်းနိုင်ငံများဖြစ်သော စင်ကာပူ၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်နိုင်ငံများသို့ တင်ပို့မှုလည်းကျဆင်းလာကြောင်းဖော်ပြပါရှိသည်။ ထို့ပြင် အီလက်ထရောနစ်မဟုတ်သော ပို့ကုန်ကဏ္ဍ

များဖြစ်သော စားသောက်ကုန်ပစ္စည်းများ၊ သတ္တုများနှင့် လုပ်ငန်းသုံးပစ္စည်းများ တင်ပို့မှုသည် အီလက်ထရောနစ်ကဏ္ဍနှင့် ယှဉ်ပြိုင်နိုင်ခြင်း မရှိကြောင်းကိုလည်း ဖော်ပြထားသည်။

ဗဟိုဘဏ်မှ ပြည်တွင်းဝယ်လိုအား မြင့်တက်စေရန် အတိုးနှုန်းများလျှော့ချခြင်းမူဝါဒကြောင့် သွင်းကုန်ပမာဏသည်လည်း ဆက်လက်မြင့်တက်လာဦးမည်ဖြစ်ပြီး ကုန်သွယ်မှုကဏ္ဍအပေါ် ခြုံငုံသုံးသပ်လေ့လာမည်ဆိုပါက ပို့ကုန်နှင့် သွင်းကုန်ပမာဏကြား ကုန်သွယ်ရေးလိုငွေပြမှု ကြီးထွားလာနိုင်ကြောင်း၊ ထို့သို့ ကုန်သွယ်ရေး လိုငွေပြမှုပမာဏ ကြီးမားလာခြင်းသည် တိုင်းပြည်၏ ဒေါ်လာ စီးထွက်မှုပမာဏ ကြီးမားနေကြောင်းကို ဖော်ပြနေပြီး ပြည်တွင်းငွေကြေး ဗီဆိုတန်ဖိုးအား ကျဆင်းစေနိုင်သည်ဟု ဖော်ပြပါရှိသည်။

သို့ရာတွင် ပြည်ပအလုပ်သမားများ လွှဲပို့ငွေ၊ information technology-business process outsourcing (IT-BPO) နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့မှ ဒေါ်လာဝင်ရောက်မှု အသင့်အတင့်မြင့်တက်လာခြင်းသည် တိုင်းပြည်စီးပွားရေးအား တည်ငြိမ်စေသည့်အချက်တစ်ချက်ဖြစ်ပြီး ကုန်သွယ်ရေးလိုငွေပြမှုကို တစ်စိတ်တစ်ဒေသ ကာမိကြောင်းဖော်ပြထားသည်။

စီးပွားရေးသံမှူး၊ မနီလာမြို့။

Source: https://myantrade.gov.mm/article/npt-261120240100

## ထိုင်းနိုင်ငံအတွင်းရှိ ဒူးရင်းသီးတောင်သူ ၈ ဒသမ ၈ သန်းကို အကူအညီပေးရန်အတွက် "ဒီဂျစ်တယ်ဒူးရင်းသီး" စီမံကိန်းကို ဒီဂျစ်တယ်စီးပွားရေးမြှင့်တင်မှုအေဂျင်စီ (Digital Economy Promotion Agency-Depa) က ထုတ်ပြန်ကြေညာခဲ့

ထိုင်းနိုင်ငံအတွင်းရှိ ဒူးရင်းသီးတောင်သူ ၈ ဒသမ ၈ သန်းအတွက် ဒီဂျစ်တယ်ပလက်ဖောင်းနှင့် တီထွင်ဆန်းသစ်မှုကို အသုံးပြုခြင်းဖြင့် ဒူးရင်းသီးထုတ်လုပ်မှုနှင့် စံနှုန်းများချမှတ်နိုင်ရန် ရည်ရွယ်၍ "ဒီဂျစ်တယ်ဒူးရင်းသီး" စီမံကိန်းကို ဒီဂျစ်တယ်စီးပွားရေးမြှင့်တင်မှုအေဂျင်စီက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် တောင်သူများ၏ သီးနှံအချက်အလက်များမှတ်သားခြင်း၊ သိမ်းဆည်းခြင်းနှင့် နောက်ကြောင်းလိုက်ခြင်းတို့တွင် Application အသုံးပြုရာ၌ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရန်ဖြစ်ကြောင်း၊ တရုတ်နှင့် အိမ်နီးချင်းနိုင်ငံတို့မှ ယှဉ်ပြိုင်မှုများ ပြင်းထန်နေသော်လည်း ထိုင်းထုတ်ကုန်များ၏ ကမ္ဘာ့အဆင့်မီတန်ဖိုးကိုမြှင့်တင်ရန်အတွက် ပြည်တွင်းသာမက ပြည်ပရှိစားသုံးသူများ၏ ယုံကြည်မှုကို မျှော်လင့်ထားကြောင်း၊ ထိုင်းနိုင်ငံတွင် ဒူးရင်းသီးစိုက်ပျိုးမှုမှာ ၁ ဒသမ ဝ၂ သန်း ရိုင် ရှိပြီး တန်ချိန် ၁ ဒသမ ၅၃ သန်း ထုတ်လုပ်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် သစ်သီးပို့ကုန် စုစုပေါင်း၏ ၆၉ ရာခိုင်နှုန်းသည် ဒူးရင်းသီးဖြစ်ပြီး တန်ချိန် ၉၉၁,၅၅၇ ဖြစ်ကြောင်း၊ တရုတ်သည် ထိုင်းဒူးရင်းသီး၏ အဓိကဈေးကွက်ဖြစ်ကြောင်း၊ စီမံကိန်းသည် အကြွေးပြဿနာဖြေရှင်းရန်၊ ဝင်ငွေ၊ နေထိုင်မှုစရိတ်နှင့် လူမှုအသိုက်အဝန်းတည်ငြိမ်စေရေးစသည့်အစိုးရ၏ မူဝါဒများနှင့်လည်း ကိုက်ညီကြောင်း ဒီဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန အကြံပေး Mr. Pantanu Wannagangsai က ပြောကြားခဲ့သည်။

စီမံကိန်းသည် ဒူးရင်းစိုက်ပျိုးသည့် အိမ်ထောင်စု ၆,၁၀၀ ကို ၂ နှစ် တာကာလအတွင်းရှိ စိုက်ပျိုးရေး အချက်အလက်များမှတ်သားနိုင်ရန် ဒီဂျစ်တယ်ပလက်ဖောင်း အသုံးပြုနိုင်ရန်ဖြစ်ကြောင်း၊ အချက်အလက် စုဆောင်းခြင်းဖြင့် ထိုင်းစိုက်ပျိုးရေး၏ ဒူးရင်းကဏ္ဍအတွက် အချက်အလက်များပါဝင်စေရန်ဖြစ်ကြောင်း၊ ပြည်နယ် ၂၃ ခုရှိ တောင်သူ ၁၂,၂၀၀ ကို e-commerce အက်ပလီကေးရှင်းနှင့် Good Agricultural Practices (GAP) အတွက် သင်တန်းပေးမည်ဖြစ်ကြောင်း၊ GAP စံနှုန်းအောက်မှ ထိုင်းဒူးရင်းသီး ပို့ကုန်တန်ဖိုးကို ၂ နှစ် အတွင်း တန်ချိန် ၁၅၂,၅၀၀၊ တန်ဖိုးအားဖြင့် ဘတ် ၁၉ ဒသမ ၈ ဘီလီယံ ရရှိရန် မျှော်မှန်းထားကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း သမာရိုးကျစိုက်ပျိုးရေးတွင် ဈေးကွက်အခြေပြုတီထွင်ဆန်းသစ်ခြင်းကို မိတ်ဆက်ခြင်းဖြင့် တောင်သူများ၏ ဝင်ငွေတိုးပွားရန် ကတိပြုထားကြောင်း သိရသည်။

ပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်ရာတွင် ရှိပြီးဈေးကွက်များထိန်းသိမ်းခြင်း၊ ဈေးကွက်သစ်များရှာဖွေခြင်းတို့ပြင် ထုတ်ကုန်များ၏စံချိန်စံညွှန်းများကို ကမ္ဘာ့အဆင့်မီဖြစ်စေရေး မြှင့်တင်ရန်လည်းလိုအပ်သည်။ ယင်းသို့ မြှင့်တင်ရာတွင် တောင်သူများတွင် ဒီဂျစ်တယ်နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ နည်းပညာဗဟုသုတများ ရှိစေရေးအတွက် သင်တန်းများပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_201120241119

## ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမမူဝါဒ ဖွံ့ဖြိုးတိုးတက်မှုကော်မတီက ကိုကိုးသီးနှံကို စောင့်ကြည့်သီးနှံစာရင်းအတွင်း ထည့်သွင်းခဲ့

ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမမူဝါဒဖွံ့ဖြိုးတိုးတက်မှုကော်မတီက ကိုကိုးသီးနှံကို စိုက်ပျိုးသီးနှံ ကော်မတီခွဲ၏ စောင့်ကြည့်သီးနှံစာရင်းအတွင်း ထည့်သွင်းခဲ့ကြောင်းသိရသည်။

စောင့်ကြည့်စာရင်းအတွင်းသို့ ထည့်သွင်းရခြင်းမှာ တောင်သူများကိုပံ့ပိုးပေးရန်၊ သီးနှံမြင့်တင်ရန်နှင့် ဆက်စပ်ပြဿနာများကိုဖြေရှင်းရန်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံစောင့်ကြည့်စာရင်းတွင် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် လေချူသီး (Longan) တို့ပါဝင်ကြောင်း၊ ကော်မတီကို စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး စိုက်ပျိုးသီးနှံဆိုင်ရာကော်မတီခွဲ ဖွဲ့စည်းရေးအတွက် သဘောတူညီပြီးဖြစ်ကြောင်း၊ ကော်မတီခွဲတွင် တောင်သူများအတွက် ဈေးကွက်ရှာဖွေရေးအဖွဲ့မှ ကိုယ်စားလှယ်များပါဝင်မည်ဖြစ်ပြီး ပြဿနာရပ်များကို ပိုမိုကောင်းမွန်စွာစီမံခန့်ခွဲနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ Mr. Ekkaphap Polsue က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင်း ကိုကိုးဈေးကွက်သည် ကြီးထွားလာလျက်ရှိပြီး ၂၀၂၈ ခုနှစ်တွင် ကိုကိုး တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံကျော်လွန်နိုင်ရေး မျှော်မှန်းထားကြောင်း ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် Mr. Poonpong Naiyanapakorn က ဖြည့်စွက်ပြောကြားခဲ့သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ယခင်နှစ်လယ်မှ ယခုနှစ်လယ်အထိ ကိုကိုးထွက်ရှိမှုကျဆင်းခဲ့သဖြင့် ဈေးနှုန်းမြင့်တက်မှုကိုဖြစ်စေကြောင်း၊ ဇန်နဝါရီအတွင်း ကမ္ဘာ့ဈေးကွက်ရှိ ကိုကိုးဈေးနှုန်းမှာ တစ် ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ (၂၃၀ ဘတ်) ဖြစ်ပြီး ဈေးနှုန်းအားဖြင့် ၈၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံရှိ ကိုကိုးထွက်ရှိမှုမှာ တန်ချိန် ၁,၂၅၆ ဖြစ်ရာ ကမ္ဘာ့ထုတ်လုပ်မှု၏ သုည ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်ပြီး ယခုနှစ်တွင် တန်ချိန် ၃,၃၆၀ သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

ထိုင်းတောင်သူများကို သီးနှံစိုက်ပျိုးမှုဆိုင်ရာပံ့ပိုးပေးရန်၊ သီးနှံအရောင်းမြင့်တင်ရန်နှင့် အခြားသောသီးနှံဆိုင်ရာ ပြဿနာများကို ပိုမိုထိထိရောက်ရောက်ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်၍ ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် လေချူသီးတို့စသည့် စိုက်ပျိုးရေးနှင့်သမဝါယမမူဝါဒဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ စောင့်ကြည့်သီးနှံစာရင်းအတွင်းသို့ ကိုကိုးသီးနှံကို ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_201120241128

## ဂျာမန်စီးပွားရေးသည် တတိယသုံးလပတ်တွင် မျှော်မှန်းထားခဲ့သည်ထက် နှေးကွေးနေ

ဂျာမန်စီးပွားရေးသည် ၂၀၂၄ ခုနှစ် တတိယသုံးလပတ်တွင် လေ့လာသူများ မျှော်မှန်းထားခဲ့သည်ထက် ဖွံ့ဖြိုးတိုးတက်မှု လျော့နည်းခဲ့ကြောင်း The Federal Statistical Office (Destatis)က ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်က ထုတ်ပြန်ခဲ့သည်။

နိုင်ငံ၏ ဂျီဒီပီသည် ဒုတိယသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ပဏာမခန့်မှန်းချက်ဖြစ်သော သုည ဒသမ ၂ ရာခိုင်နှုန်းထက် လျော့နည်းကာ သုည ဒသမ ၁ ရာခိုင်နှုန်းခန့်သာ တိုးတက်မှုရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဂျာမနီသည် ယခုနှစ်တွင် သုံးလပတ် နှစ်ပတ်ဆက်တိုက် စီးပွားရေးကျုံ့သွားသည်ဟု သတ်မှတ်ခံရနိုင်ဖွယ်ရှိသည့် စီးပွားရေးကျဆင်းမှုတစ်ခုကို ပွတ်ကာသီကာ ရှောင်ရှားခဲ့ပြီးဖြစ်သည်။

အိမ်ထောင်စုများ၏ သုံးစွဲမှုမှာ ပြီးခဲ့သည့်သုံးလပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၃ ရာခိုင်နှုန်းခန့်သာ အနည်းငယ် မြင့်တက်ခဲ့ပြီး အစိုးရအသုံးစရိတ်မှာမူ သုည ဒသမ ၄ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ၏ စီးပွားရေးတွင် အဓိကကျသော ပြည်ပသို့ကုန်ပစ္စည်းတင်ပို့မှုသည် ၂ ဒသမ ၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရုရှားမှ ယူကရိန်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းတို့၏ အကျိုးသက်ရောက်မှုကြောင့် စက်မှုလုပ်ငန်းများ၌ အမှာအော်ဒါရရှိမှုများ ကျဆင်းသွားခြင်းနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုမှာ ကျဆင်းနေပြီဖြစ်သော်လည်း နိုင်ငံအနေဖြင့် စီးပွားရေးကဏ္ဍဆိုင်ရာ အနှောင့်အယှက်များကို ရှောင်ရှားနိုင်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။ စီးပွားရေးအဆင်မပြေမှုများအထဲမှ သိသာအထင်ရှားဆုံး ဥပမာတစ်ခုမှာ တစ်ချိန်က ဂျာမန်ချမ်းသာကြွယ်ဝမှုအဖြစ် တင်စားနိုင်သော Volkswagen ကုမ္ပဏီသည် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ရပြီး ၎င်း၏ဘတ်ဂျက်မှ ဘီလီယံနှင့်ချီသော အသုံးစရိတ်များကို လျှော့ချနိုင်ရန်နှင့် နိုင်ငံတစ်ဝှမ်းရှိ စက်ရုံအများအပြားကို ပိတ်သိမ်းရန် ကြိုးစားနေသည့်အချက်ဖြစ်ကြောင်း ဖော်ပြထားသည်။ အမှန်မှာ နိုဝင်ဘာလအစောပိုင်းတွင် ဝန်ကြီးချုပ် Mr. Olaf Scholz ၏ ညွန့်ပေါင်းအစိုးရ ပြိုကွဲခဲ့ခြင်းကြောင့် လတ်တလောတွင် ဂျာမနီ၏စီးပွားရေးမှာ လူအများအတွက် အပြစ်တင်စရာ ဖြစ်နေခဲ့သည်။

ငွေကြေးဖောင်းပွမှု ဆက်လက်ကျဆင်းနေခြင်းနှင့် ပျမ်းမျှလုပ်အားခ အနည်းငယ်မြင့်တက်လာခြင်းတို့သည် ယခုနှစ်နောက်ဆုံးသုံးလပတ်၏ စားသုံးသူအသုံးစရိတ်အပေါ် တွန်းအားပေးလိမ့်မည်ဟု စီးပွားရေးပညာရှင်များက မျှော်လင့်နေကြကြောင်း ဖော်ပြထားသည်။ ဒေါ်သန္တာစောစီးပွားရေးသံမှူး၊ ဘာလင်မြို့။

Source: https://myantrade.gov.mm/article/npt-270920241000

## အမေရိကန်အစိုးရသည် ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက် ခံနိုင်စွမ်းရှိမှုကို ပံ့ပိုးရန် Corning ကုမ္ပဏီနှင့် Powerex ကုမ္ပဏီတို့နှင့် ပဏာမသဘောတူညီခဲ့

အမေရိကန်အစိုးရ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် CHIPS and Science Act အရ Corning ကုမ္ပဏီအား အမေရိကန်ဒေါ်လာ ၃၂ သန်းနှင့် Powerex ကုမ္ပဏီအား အမေရိကန်ဒေါ်လာ ၃ သန်းအထိ တိုက်ရိုက်ပံ့ပိုးရန် ပဏာမသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပြုရင်းနှီးမြှုပ်နှံမှုအစီအစဉ်များအရ နယူးယောက်မြို့ရှိ Corning ကုမ္ပဏီ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့ရာတွင် ရန်ပုံငွေများကို အသုံးပြုသွားမည်ဖြစ်ပြီး တိုးချဲ့ဆောက်လုပ်မည့်ကုမ္ပဏီ၏ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ်အကိုင်အရေအတွက် ၃၀၀ နေရာကျော် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ Powerex ကုမ္ပဏီ ၏အဆိုပြုလုပ်ငန်းအစီအစဉ်သည် ပင်ဆဲလ်ဗေးနီးယားပြည်နယ်ရှိ ကုမ္ပဏီ၏ ကုန်ထုတ်လုပ်ငန်းများတိုးချဲ့ရန်နှင့် အဆင့်မြှင့်တင်ရန်ဆောင်ရွက်မည်ဖြစ်ရာ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်း အလုပ်အကိုင် အရေအတွက် ၇၅ နေရာအထိ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲသည် နိုင်ငံ၏စီးပွားရေးအပေါ် သက်ရောက်မှုများစွာရှိရာ ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်အနေဖြင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်အောင်၊ ငွေကြေးဖောင်းပွမှုကျဆင်းအောင် ဆောင်ရွက်ပေးနိုင်မည်ဟု ပြည်သူများကယုံကြည်လျက်ရှိကြပြီး ရွေးကောက်ပွဲရလဒ်ထွက်ပေါ်လာပြီးနောက် ရက်သတ္တပတ်အတွင်း စျေးကွက်တုံ့ပြန်မှုများဖြစ်သည့် စတော့ရှယ်ယာစျေးနှုန်းမြင့်တက်ခြင်း၊ အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်ခြင်း၊ ရေနံစျေးနှုန်းများ ကျဆင်းခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

(ဇစ်မြစ်။ အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန),စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ

Source: https://myantrade.gov.mm/article/Naypyitawstp_141120240958

## အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများကို တရုတ်စျေးကွက်သို့ ဝင်ရောက်ခွင့်ပြုခဲ့

တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် သတ်မှတ်ထားသော ပိုးမွှားကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီသည့် အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဟု နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ၎င်း၏ ဝက်ဘ်ဆိုဒ်မှ ကြော်ငြာခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားသည် အုန်းသီးအဓိကထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အုန်းသီးအထွက်နှုန်းသည် မက်ထရစ်တန် ၂ ဒသမ ၈၃ သန်းအထိ ရောက်ရှိခဲ့ပြီး အုန်းသီးထုတ်ကုန်များ တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅ ဘီလီယံရှိကာ ကမ္ဘာ့စျေးကွက်ဝေစု၏ ၃၈ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ အဓိက တင်ပို့သည့်နေရာများမှာ တရုတ်၊ မလေးရှားနှင့် စင်ကာပူတို့ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အဓိကတင်ပို့သည့် အုန်းသီးထုတ်ကုန်များမှာ အုန်းဆီနှင့် ဆက်စပ်ပစ္စည်းများ၊ အုန်းနို့၊ အုန်းမှုတ်ခွက်မီးသွေးနှင့် ခြစ်ထားသော အုန်းသီးများ ပါဝင်ကြောင်း သိရသည်။

GACC ၏ ကြေညာချက်အရ တရုတ်နိုင်ငံသို့ တင်ပို့လိုသော အုန်းခြံများနှင့် ထုပ်ပိုးသည့် စက်ရုံများကို အင်ဒိုနီးရှားနိုင်ငံ၏ Quarantine Agency က မှတ်ပုံတင်ရန်လိုအပ်ကြောင်း၊ ယင်းစိုက်ခင်းများနှင့် စက်ရုံများကို GACC မှ အတည်ပြုမည်ဖြစ်ပြီး ၎င်း၏ဝက်ဘ်ဆိုဒ်တွင် အတည်ပြုထားသောစာရင်းများကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းတွင် အုန်းခြံများသည် ခြေရာခံခြင်းစနစ်များကို ထူထောင်ရန်နှင့် ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းစနစ်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ ထုပ်ပိုးသည့်စက်ရုံများသည် သန့်ရှင်းမှုရှိရန်၊ ကုန်ကြမ်းသိုလှောင်မှုအတွက် သတ်မှတ်ထားသောနေရာနှင့် ကုန်ချောပစ္စည်းများအတွက် ဂိုဒေါင်တစ်ခုတို့ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ပိုးမွှားများ၊ ပုပ်နေသောအသီးများ၊ အကိုင်းအခက်များ၊ အရွက်များ၊ အမြစ်များနှင့် မြေဆီလွှာများ မပါရှိစေရန်အတွက် ထုပ်ပိုးသည့်လုပ်ငန်းစဉ်အတွင်း ပိုးမွှားများ သို့မဟုတ် ပုံပျက်နေသော အသီးများကိုဖယ်ရှားခြင်း၊ အသီးများကိုစီတန်းခြင်း၊ အဆင့်သတ်မှတ်ခြင်းနှင့် သန့်ရှင်းခြင်းစသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံမှ အုန်းသီးစိမ်းများနှင့်စပ်လျဉ်း၍ စိုးရိမ်ရသော ပိုးမွှား(၆)ခုမှာ the spiraling whitefly (Aleurodicus dispersus)၊ black thread scale (Ischnaspis longirostris)၊ guava long scale (Lepidosaphes tapleyi)၊ coffee mealybug

(Planococcus lilacinus)၊ passionvine mealybug (Planococcus minor) နှင့် stellate scale (Vinsonia stellifera)တို့ဖြစ်ကြောင်း သိရသည်။

စတင် တင်ပို့သည့် ပထမ ၂ နှစ်အတွင်းတွင် အင်ဒိုနီးရှားအာဏာပိုင်များသည် တင်ပို့မှုတစ်ခုစီအတွက် ၂ ရာခိုင်နှုန်း ထက်မနည်းသော နမူနာများကို စစ်ဆေးရမည်ဖြစ်ပြီး ဤနှစ်နှစ်တာကာလအတွင်း ပိုးမွှားဆိုင်ရာပြဿနာများ မတွေ့ရှိပါက နမူနာနှုန်းကို ၁ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ကြောင်း သိရသည်။

Source: https://www.producereport.com/article/fresh-indonesian-coconuts-granted-china-market-access

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_261120240355

## ယူအေအီးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံကျော် တန်ဖိုးပမာဏဖြင့် ကမ္ဘာ့စိန်ကုန်သွယ်မှုတွင် ဦးဆောင်သူအဖြစ်ရောက်ရှိလာခဲ့

ယူအေအီးနိုင်ငံသည် စိန်ကုန်သွယ်ရေးတွင် ထိပ်တန်းကမ္ဘာ့ကုန်သွယ်သည့်နိုင်ငံအဖြစ် ရောက်ရှိလာခဲ့ပြီး အိန္ဒိယနှင့် အမေရိကန်နိုင်ငံများပြီးလျှင် ကမ္ဘာ့တစ်ဝှမ်းတွင် တတိယအဆင့်သို့ရောက်ရှိခဲ့ကာ နိုင်ငံတကာဈေးကွက်ဝေစု စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းကျော်ကို ပိုင်ဆိုင်ထားရှိသည်။

နိုင်ငံ၏စိန်ကုန်သွယ်မှုသည် ၂၀၂၄ နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံကျော်အထိရောက်ရှိမည်ဟုမျှော်မှန်း ထားကြောင်း ယူအေအီးနိုင်ငံ၊ စီးပွားရေးဝန်ကြီးဌာနမှ နိုင်ငံတကာကုန်သွယ်မှုရေးရာ လက်ထောက်အတွင်းဝန်ဖြစ်သူ Juma Al Kait က ပြောကြားခဲ့သည်။

Al Kait က Dubai Diamond Week အစီအစဉ်၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ဒူဘိုင်းကုန်စည်မျိုးစုံရောင်းဝယ်ရေး စင်တာ (DMCC) မှ စီစဉ်ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် Dubai Diamond Conference တွင် အဆိုပါမျှော်မှန်းမှုအား ဝေမျှ တင်ပြခဲ့ခြင်းဖြစ်သည်။ စိန်ကုန်စည်များသည် ယူအေအီးနိုင်ငံ၏ ရေနံမဟုတ်သော ကုန်သွယ်မှုတွင် ၅ ဒသမ ၅ ရာခိုင်နှုန်းကျော် ပါဝင်ပြီး ၂၀၂၃ ခုနှစ်၏ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉ ဘီလီယံခန့်ရှိခဲ့ကာ ယခု ၂၀၂၄ ခုနှစ် ပထမ နှစ်ဝက်တွင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံကျော် ဝန်းကျင်ခန့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

နိုင်ငံတကာကုန်သွယ်မှု သဘောတူညီချက်များကို ဖော်ဆောင်ရာတွင် ယူအေအီးနိုင်ငံ၏ တက်ကြွသော အခန်းကဏ္ဍသည် အာရှ၊ အာဖရိကနှင့် အခြားသောနိုင်ငံများရှိ ဈေးကွက်သစ်များကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယူအေအီးနိုင်ငံသည် ပဋိပက္ခ စိန်များကိုတားဆီးရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ဆုံးဖြတ်ချက်အရ ၂၀၀၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Kimberley Process လုပ်ငန်းစဉ်ကို ဒုတိယအကြိမ်မြောက် ဥက္ကဋ္ဌ အဖြစ် တာဝန်ယူရန်ပြင်ဆင်နေချိန်တွင် Al Kait မှ ဤကဏ္ဍအတွင်း ကမ္ဘာလုံးဆိုင်ရာ စိန်ကုန်သွယ်မှုနှင့် ဆန်းသစ်တီထွင်မှုများကို လွယ်ကူချောမွေ့စေရန်ဆောင်ရွက်လျက်ရှိသော DMCC ၏ အဓိကအခန်းကဏ္ဍကို မီးမောင်းထိုး တင်ပြခဲ့သည်။

ယူအေအီးနိုင်ငံ၏ ကျယ်ပြန့်သောစီးပွားရေးအမြင် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ယူအေအီးအစိုးရသည် ၂၀၃၁ ခုနှစ် တွင် ရေနံမဟုတ်သောကုန်သွယ်မှုကို AED ၄ ထရီလီယံအထိ မြင့်တင်ရန်နှင့် တင်ပို့မှု AED ၈၀၀ ဘီလီယံအထိ တိုးမြှင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားရှိသည်။ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (CEPA) အစီအမံများသည် ဤမဟာဗျူဟာကိုအထောက်အပံ့ပြုလျက်ရှိပြီး အဓိကကမ္ဘာ့ကုန်သွယ်ဘက်နိုင်ငံများနှင့်ကုန်သွယ်မှုဆက်ဆံရေးကိုအားကောင်း လာစေခဲ့သည်။ ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်းတွင် ယူအေအီးနိုင်ငံ၏ ရေနံမဟုတ်သောကုန်သွယ်မှုသည် AED ၁ ဒသမ ၄ ထရီလီယံသို့ရောက်ရှိခဲ့ပြီး ၁၁ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ကာ ကမ္ဘာ့ကုန်သွယ်မှုတိုးတက်မှုနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်း ထက် သိသိသာသာကျော်လွန်သွားခဲ့သည်။ အဆိုပါအောင်မြင်မှုသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ကမ္ဘာလုံးဆိုင်ရာ အချက်အချာတစ်ခုအဖြစ် ယူအေအီးနိုင်ငံ၏ရပ်တည်ချက်ကို အလေးပေးထားရှိမှုအားဖော်ပြနေခြင်းဖြစ်ကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။ Source:Emirates News Agency,Economic Counsellor (Dubai)

Source: https://myantrade.gov.mm/article/Naypyitawstp-181120241020

## အိန္ဒိယ MSME များအနေဖြင့် အပေါင်ပစ္စည်းတစ်စုံတစ်ရာမပါဘဲ ငွေချေးငှားနိုင်တော့မည်

အိန္ဒိယ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)အနေဖြင့် မကြာမီ အပေါင်ပစ္စည်း တစ်စုံတစ်ရာမပါဘဲ ငွေချေးငှားနိုင်တော့မည်ကြောင်း အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးနှင့်သမဝါယမရေးရာဝန်ကြီးဌာန ဝန်ကြီး Nirmala Sitharaman က မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားတစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းတို့ အနေဖြင့် အစိုးရပိုင်ဘဏ်များမှပြုလုပ်သော ငွေချေးငှားမှုဆိုင်ရာ အကဲဖြတ်ဆောင်ရွက်ချက်အသစ်မှတစ်ဆင့် ရူပီး ၁၀၀ ကရိုး

(ကန်ဒေါ်လာ ၁၁ ဒသမ ၈၃ သန်းခန့်) အထိ အပေါင်ပစ္စည်း တစ်စုံတစ်ရာ တင်ပြရန်မလိုဘဲ မကြာမီချေးငှားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စတင်လိုက်သောချေးငွေအမျိုးအစားသည် ချေးငွေအာမခံအစီအစဉ်သစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကာ ကာလရှည်ချေးငွေများ၊ စက်ရုံနှင့်စက်ပစ္စည်းများ ဝယ်ယူရာတွင်လိုအပ်သော ချေးငွေများရရှိရန် အခက်အခဲဖြစ်နေသော MSME များကူညီရန်ရည်ရွယ်ထားခြင်းဖြစ်ကြောင်း နိုဝင်ဘာလ ၉ ရက်နေ့က Bengaluru တွင် ပြုလုပ်ခဲ့သော အမျိုးသား MSME အစုအဖွဲ့ဆိုင်ရာ အဝေးရောက်အစီအစဉ် (National MSME Cluster Outreach Programme) တွင် ဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အစီအစဉ်သစ်အရ MSME များအနေဖြင့် အပေါင်ပစ္စည်း သို့မဟုတ် တတိယအုပ်စု (third-party) မှ တာဝန်ခံမှု မပါဝင်ဘဲ ပထမဦးဆုံးအကြိမ် ရူပီး ၁၀၀ ကာရိုးအထိ ချေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့အောင် အစိုးရကကျောထောက်နောက်ခံပြုပေးမည်ဖြစ်ကာ ဘဏ္ဍာငွေကြေးလိုအပ်နေသော MSME များ၏ အခက်အခဲကို သိသိသာသာ လျှော့ပါးသက်သာစေရန် ကမ်းလှမ်းထားကြောင်း ၎င်းမှ အလေးပေး ပြောကြားခဲ့သည်။ အကဲဖြတ်မှုစနစ်သစ်မှ ရရှိနိုင်သော အကျိုးကျေးဇူးနှင့်ပတ်သက်၍ ပြောကြားရာတွင် "ကျွန်မတို့အနေဖြင့် ယခုဘတ်ဂျက်ကာလမှာပဲ ဒီအကြောင်းကို ထုတ်ပြန်ကြေညာတယ်။ ဘဏ်များက ချေးငွေအကဲဖြတ်မှုကိစ္စကို ၎င်းတို့ဘာသာဆောင်ရွက်မည်ဖြစ်ပြီး၊ ဘဏ်တစ်ခုချင်းစီတိုင်းမှာ သူတို့ပုံစံနဲ့သူတို့ ချေးငွေ အကဲဖြတ်မှုပုံစံတွေရှိနေမှာဖြစ်တယ်"ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

ပုဂ္ဂလိကကဏ္ဍနှင့်လက်တွဲပြီး အီလက်ထရောနစ်ကုန်သွယ်မှု အချက်အခြာနေရာများ (e-commerce trade hubs) ကို ထူထောင်သွားမည့်အကြောင်း၊ အဆိုပါ ပလက်ဖောင်းများမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် ပို့ကုန်ဆိုင်ရာဝန်ဆောင်မှုတွေကို ပေးအပ်သွားမည်ဖြစ်ကြောင်း ဖော်ပြပြောကြားခဲ့သည်။ အဆိုပါ အချက်အခြာနေရာများက စက်မှုလက်မှုအစုအဖွဲ့ပေါင်း ၂၀ ကို အကျိုးပြု သွားမည်ဖြစ်ကြောင်း၊ ကာနာတာကာ ပြည်နယ်ရှိ အငယ်စားစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (Small Industries Development Bank of India -SIDBI) မှ အဆိုပါ ပြည်နယ်ရှိ MSME များကို ကူညီအားဖြည့်ပေးရန် ဘဏ်ခွဲ ၆ ခုကိုလည်း တည်ထောင်ဖွင့်လှစ်သွားမည်ဟု ပြောကြားခဲ့သည်။ SIDBI ဘဏ်ခွဲများအနေဖြင့် လတ်တလောတွင် ရူပီး ၁၁၆၉ ကာရိုး (၁၃၈ ဒသမ ၃၄ သန်း) ခန့်ကို ထုတ်ချေးထားပြီးဖြစ်ကာ လုပ်ဆောင်ချက် ရပ်တန့်နေသော ရပိုင်ခွင့်များ (non-performing assets -NPAs) မရှိသလောက်နည်းပါးကြောင်းသိရသည်။

MSME များကို တိုက်ရိုက်ဘဏ္ဍာငွေထောက်ပံ့ပေးမည့် ယခုခြေလှမ်းသစ်ကြောင့် ကာနာတာကာပြည်နယ်မှ စက်မှုလက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေရုံသာမက နိုင်ငံတစ်ဝှမ်းရှိ လုပ်ငန်းများလည်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

သို့ပါ၍ မြန်မာ MSME များအနေဖြင့်လည်း အလားတူအတိုးနှုန်းသက်သာပြီး၊ အပေါင်ပစ္စည်းတင်ပြရန် မလိုအပ်သော ချေးငွေများရရှိပါက စက်မှုလက်မှုလုပ်ငန်းများထူထောင်နိုင်ပြီး၊ စွမ်းဆောင်ရည်နှင့် ကုန်ထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

The Trade Promotion Council of India, MSMEs to have access to collateral-free loans, Nov 11, 2024

စီးပွားရေးသံမှူးကော်လ်ကတ္တား

Source:https://myantrade.gov.mm/article/Naypyitawstp_181120241115

## တရုတ်နိုင်ငံ၏ အစေ့အဆန်စားသုံးမှုသည် မြင့်တက်လာလျက်ရှိပြီး လူတစ်ဦးချင်းစားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆတိုးလာ

မကြာသေးမီကအမေရိကန်စိုက်ပျိုးရေးဌာန(USDA)၏နိုင်ငံခြားစိုက်ပျိုးရေးဝန်ဆောင်မှုဌာနမှထုတ်ပြန်သည့်Tree Nuts Annual report အရ တရုတ်နိုင်ငံ၏ အစေ့အဆန်စားသုံးမှုသည် လွန်ခဲ့သည့် ၅ နှစ်အတွင်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း တိုးလာခဲ့ပြီး လူတစ်ဦးချင်းစားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် တစ်ကီလိုဂရမ်အထိ ရောက်ရှိမည်ဖြစ်ကာ ၂၀၂၃ ခုနှစ်ကထက် နှစ်ဆနီးပါး မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ယခင်နှစ်က တရုတ်နိုင်ငံ၏ အစေ့အဆန်တင်သွင်းမှုသည် စုစုပေါင်း မက်ထရစ်တန် ၄၂၇,၀၀၀ ရှိခဲ့ပြီး ကမ္ဘာပေါ်တွင် မက္ကဒေးမီးယားအများဆုံးတင်သွင်းသူ၊ ပီစတာချီယို ဒုတိယ အများဆုံးတင်သွင်းသူနှင့် ဗာဒံစေ့ တတိယအများဆုံးတင်သွင်းသူအဖြစ်ရပ်တည်လျက်ရှိကြောင်း၊ ကမ္ဘာ့အစေ့အဆန်ရောင်းလိုအားတိုးလာခြင်း၊ စားသုံးသူများ၏ကြိုက်နှစ်သက်မှု ပြောင်းလဲလာခြင်းနှင့် အစေ့အဆန်ထုတ်ကုန်များကို ဆန်းသစ်တီထွင်လာခြင်းတို့သည် တရုတ်နိုင်ငံ၏ အစေ့အဆန်တင်သွင်းမှု ဆက်တိုက်မြင့်တက်လာစေရန် အထောက်အကူပြုမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အစေ့အဆန်စားသုံးမှုသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးနေသေးသော်လည်း အစားအသောက်ပုံစံများ ပြောင်းလဲလာခြင်းကြောင့် မကြာမီကာလအတွင်း တရုတ်နိုင်ငံ၏ အစေ့အဆန် စားသုံးမှုမှာတိုးလာမည်ဟု မျှော်လင့်ရကြောင်း သိရသည်။ ကပ်ရောဂါလွန်ကာလတွင် စားသုံးသူများသည် အစားအသောက်၏အာဟာရတန်ဖိုးနှင့် လုပ်ဆောင်ချက်များကို ပိုမိုအလေးထားလာသောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော သွားရေစာများဖြစ်သည့် အစေ့အဆန်များသည် မကြာသေးမီက မြို့ပြရှိ လူလတ်တန်းစားများအကြား အလွန်ရေပန်းစားလာခဲ့ကြောင်း သိရသည်။

International Nut and Dried Fruit Council(INC) ၏ အချက်အလက်များအရ တရုတ်နိုင်ငံ၏ အစေ့အဆန် စားသုံးမှုသည် လွန်ခဲ့သော ၅ နှစ်အတွင်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း တိုးလာကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၈ သန်း (kernel equivalent) ရှိရာ ကမ္ဘာ့စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းရှိကြောင်း၊ INC ၏ ကိန်းဂဏန်းများအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံရှိ လူတစ်ဦးချင်း၏ အစေ့အဆန် စားသုံးမှုသည် သုည ဒသမ ၅၆ ကီလိုဂရမ်ရှိပြီး၊ ၎င်းမှာ အမေရိကန်တွင် စားသုံးသော ၂ ဒသမ ၆ ကီလိုဂရမ်၏ ငါးပုံတစ်ပုံခန့်နှင့် တောင်ကိုရီးယားတွင်စားသုံးသည့် သုည ဒသမ ၉၈ ကီလိုဂရမ်၏ တစ်ဝက်ခန့်ဖြစ်ကြောင်း၊ တိုးတက်မှု အလားအလာများကြောင့် INC သည် တရုတ်နိုင်ငံ၌ လူတစ်ဦးချင်း အစေ့အဆန်စားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် တစ်ကီလိုဂရမ်အထိ ရောက်ရှိနိုင်ပြီး ၂၀၂၃ ခုနှစ်ထက် နှစ်ဆနီးပါး ရှိလာမည်ဟု ခန့်မှန်းထားခြင်း ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေဦးပွဲတော်အားလပ်ရက်အတွင်း စုဆောင်းရရှိထားသော ဈေးကွက်သုတေသန အချက်အလက်များအရ အစေ့အဆန်လက်ဆောင်ဘူးများ(ဖြေဆိုသူ ၄၆ ဒသမ ၃ ရာခိုင်နှုန်းမှ ရွေးချယ်ထား)သည် လက်ဖက်ခြောက် လက်ဆောင်ဘူးများ ၃၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် Baijiu တရုတ်အရက် ၃၄ ဒသမ ၄ ရာခိုင်နှုန်း တို့ကို ကျော်တက်ကာ လူကြိုက်အများဆုံး လက်ဆောင်ဘူး အမျိုးအစားအဖြစ်ရှိနေကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အစေ့အဆန်များကို ပထမတန်းစားမြို့ကြီးများနှင့် နိုင်ငံအရှေ့ပိုင်းရှိ ကမ်းရိုးတန်းဒေသများတွင် နေထိုင်သော လူလတ်တန်းစားနှင့် အထက်တန်းစားများက အဓိကစားသုံးကြကြောင်း၊ ထို့ပြင် စားသုံးသူများ၏ ၆၂ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပြီး ၎င်းတို့အနက် ၅၃ ရာခိုင်နှုန်းသည် အသက် ၃၄ နှစ် အောက် အမျိုးသမီးငယ်များဖြစ်ကြောင်း၊ ပုဂ္ဂလိက သုတေသနအေဂျင်စီတစ်ခု၏ အချက်အလက်များအရ တရုတ်စားသုံးသူ (၅၀)ရာခိုင်နှုန်းသည် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် အစေ့အဆန်များကိုဝယ်ယူကြပြီး တစ်ကြိမ်ဝယ်ယူပါက တရုတ်ယွမ် ၁၀၀ (၁၃ ဒသမ ၈၆ ဒေါ်လာ) ကျော် သုံးစွဲကြကြောင်း သိရသည်။

အစေ့အဆန်အသုံးပြုသည့်နည်းလမ်းသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်တိုက်ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံတွင် အစေ့အဆန်စားသုံးမှုမြင့်တက်လာမည်ဟု လုပ်ငန်းကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း၊ လက်ရှိတွင် တရုတ်၏ အစေ့အဆန်ဈေးကွက်ကို သွားရေစာထုတ်ကုန်များကကြီးစိုးနေပြီး ပြုပြင်ထားသောအစေ့အဆန်များမှပြုလုပ်သော အစားအစာများ၏ဈေးကွက်ဝေစုမှာအနည်းငယ်မျှသာရှိကြောင်းသိရသည်။

အစေ့အဆန်မှထုတ်လုပ်သည့် ထောပတ်များ၊ အစေ့အဆန်ဆီများ၊ အမှုန့်များနှင့် အစေ့အဆန်ဖြင့်ပြုလုပ်ထားသည့် ဖျော်ရည်များသည် အစေ့အဆန်များကို တရုတ်စားသောက်မှုပုံစံ၌ ပေါင်းစည်းနိုင်သည့်နည်းလမ်း အချို့ဖြစ်ကြောင်း၊ မကြာသေးမီနှစ်များအတွင်း အစားအသောက်များ ချက်ပြုတ်ရာ၌ အစေ့အဆန်များကို အသုံးပြုမှုသည် ကမ္ဘာတစ်ဝန်းတွင် အဆက်မပြတ် ကျယ်ပြန့်လာခဲ့ကြောင်း၊ ဥပမာအားဖြင့် မက္ကဒေးမီးယားကို ဖျော်ရည်ထုတ်ကုန်များတွင်ထည့်သွင်းခြင်း (သို့မဟုတ်) နို့မဟုတ်သောဖျော်ရည်များအတွက် အပင်အခြေခံအဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။

အပင်အခြေခံအစားအစာများသည် တရုတ်နိုင်ငံတွင် ပိုမိုရေပန်းစားလာပြီး အစေ့အဆန်များအတွက် ဈေးကွက်အခွင့်အလမ်းများစွာကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ အပင်အခြေခံစားသောက်ကုန်လုပ်ငန်းသည် လွန်ခဲ့သည့် ၅ နှစ်အတွင်း တစ်နှစ်လျှင် ၁၄ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ပြီး ၎င်း၏တန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံ အထိရှိလာခဲ့ကြောင်း၊ ထို့ပြင် အပင်အခြေခံအစားအစာနှင့် ဖျော်ရည်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် ယခုအခါ ၈၀၀၀ ကျော်အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ China Academy of International Trade and Economic Cooperation မှ ၂၀၂၄ ခုနှစ်၊ မေလတွင် ထုတ်ပြန်ခဲ့သော အစေ့အဆန်ကုန်သွယ်မှုနှင့် စားသုံးမှု အစီရင်ခံစာအရ တရုတ်နိုင်ငံ၏ အစေ့အဆန်တင်သွင်းမှုနှင့် တင်ပို့မှုသည် ၂၀၁၅ ခုနှစ်ကတည်းက မြင့်တက်လာခဲ့ကြောင်း၊ အစေ့အဆန် တင်သွင်းမှုသည် ၂၀၁၅ ခုနှစ်တွင် ၁၁၇,၀၀၀ မက်ထရစ်တန်ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၄၂၇,၀၀၀ မက်ထရစ်တန်သို့ မြင့်တက်လာခဲ့ပြီး တင်ပို့မှုမှာ ၆၃,၀၀၀ မက်ထရစ်တန်မှ ၂၉၉,၀၀၀ မက်ထရစ်တန် အထိ မြင့်တက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် စားသောက်ကုန်ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများကို တိုးချဲ့ခြင်းနှင့် pecans ကဲ့သို့သော လူကြိုက်များသော နိုင်ငံခြား

အခွံမာသီးအမျိုးအစားများကို ပြည်တွင်း၌စိုက်ပျိုးရာတွင် အခက်အခဲရှိခြင်းတို့ကြောင့် တရုတ်နိုင်ငံသည် အစေ့အဆန်တင်သွင်းသူအဖြစ် ဆက်လက်တည်ရှိနေဖွယ်ရှိ ကြောင်း သိရသည်။

INC ၏ အချက်အလက်အရ တရုတ်နိုင်ငံ၏ အစေ့အဆန် တင်သွင်းမှုသည် ၂၀၂၃ ခုနှစ် တွင် ၅ နှစ်တာအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ သို့သော်လည်း မကြာသေးမီက စီးပွားရေး အကြပ်အတည်းများကြောင့် တရုတ်စားသုံးသူများသည် ဈေးနှုန်းကို ထိလွယ်ရှလွယ်ဖြစ်ကြရာ အစားအစာထုတ်လုပ်သူများသည် ဈေးကွက်၌ ဆက်လက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကုန်ကျစရိတ်များကိုလျှော့ချရန်ကြိုးစားခဲ့ကြကြောင်း၊ ရလဒ်အနေဖြင့် ပြည်ပမှအစေ့အဆန်များ တင်သွင်းသည့်အခါ ကုန်ကျစရိတ်ကို ပိုမိုသတိထားလာကြကြောင်း သိရသည်။

တရုတ်နိုင်ငံသည် မက္ကဒေးမီးယား တင်သွင်းမှုတွင် ကမ္ဘာ့အဆင့်၌ ထိပ်ဆုံးမှ ရပ်တည်နေကာ ပြီးခဲ့သည့် သုံးနှစ်အတွင်း အခွံနှင့်အခွံပါ မက္ကဒေးမီးယား ဝယ်ယူတင်သွင်းမှုသည် နှစ်ဆတိုးလာခဲ့ကြောင်း၊ အကျိုးဆက်အနေဖြင့် ကမ္ဘာ့တစ်ဝန်း၌ ရောင်းလိုအား မြင့်တက်လာပြီး ဈေးနှုန်းများကျဆင်းလာကြောင်း၊ တရုတ်၊ ဥရောပနှင့် အမေရိကန်တို့၏ ဝယ်လိုအားကြောင့် ကမ္ဘာ့မက္ကဒေးမီးယားတင်သွင်းမှု လျင်မြန်စွာတိုးလာသော်လည်း ၂၀၂၄/၂၅ တွင် အစေ့အဆန်တင်သွင်းမှုသည် နှေးကွေးသွားလိမ့်မည်ဖြစ်ပြီး ဈေးနှုန်းလည်းမြင့်တက်လာမည်ဟု လုပ်ငန်းရှင်များက ခန့်မှန်းထားကြကြောင်း၊ တောင်အာဖရိကသည် မက္ကဒေးမီးယားအထွက်နှုန်း လျင်မြန်စွာတိုးလာခြင်းကြောင့် တရုတ်နိုင်ငံသို့ မက္ကဒေးမီးယားအဓိကရောင်းချသူဖြစ်လာပြီး တရုတ်နိုင်ငံရှိ ဈေးကွက်ဝေစု၏ ထက်ဝက်ခန့်ကိုရရှိထားကြောင်း၊ ထို့ပြင်သြစတြေးလျနှင့်ကင်ညာတို့ကလည်း တရုတ်နိုင်ငံသို့ မက္ကဒေးမီးယားများ အဓိက ရောင်းချသူများဖြစ်လာကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ၂၀၂၃ ခုနှစ်၌ တရုတ်သည် ဥရောပသမဂ္ဂပြီးနောက် ကမ္ဘာ့ဒုတိယအကြီးဆုံး pistachios ဝယ်ယူသူဖြစ်လာကြောင်း၊ တရုတ်နိုင်ငံသည် pistachios အများစုကို အမေရိကန်ပြည်ထောင်စုမှ တင်သွင်းပြီး စုစုပေါင်းတင်သွင်းမှု၏ ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် pistachios စံချိန်တင် ထုတ်လုပ်နိုင်မှုနှင့် အီရန်မှ ရောင်းချမှုအကန့်အသတ်များကြောင့် ယခင်နှစ်က တရုတ်၏ အမေရိကန်မှ pistachios တင်သွင်းမှုသည် ၁၄၀ ရာခိုင်နှုန်းတိုးလာကြောင်း၊ ၂၀၂၄/၂၅ တွင် တရုတ်၏ pistachios ဝယ်လိုအားသည် ဆက်လက်မြင့်မားနေမည်ဟု ခန့်မှန်းထားသော်လည်း အမေရိကန်မှ တင်သွင်းမှုသည် ၂၀၂၃/၂၄ နှင့် နှိုင်းယှဉ်ပါက ကျဆင်းဖွယ်ရှိကြောင်း၊ တရုတ်သည် pistachio ကို အီရန်မှ ဒုတိယအများဆုံး တင်သွင်းရာ လာမည့်နှစ်တွင် pistachio ရောင်းချမှု ပြန်လည်ကောင်းမွန်လာခြင်းကြောင့် အီရန်မှ တင်သွင်းမှုတိုးလာမည်ဟု ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့ဒုတိယအများဆုံး pistachios ထုတ်လုပ်သည့် တူရကီသည် တရုတ်နိုင်ငံသို့ pistachio အဓိက ရောင်းချသူမဟုတ်သော်လည်း တူရကီ၏ ထုတ်လုပ်မှုသည် ယခုနှစ်တွင် နှစ်ဆတိုးလာမည် ဖြစ်၍ တရုတ်အနေဖြင့် တူရကီမှ တင်သွင်းမှု တိုးလာနိုင်ကြောင်း သိရသည်။

အခြားအစေ့အဆန်တစ်မျိုးဖြစ်သည့် ဗာဒံစေ့ကို တရုတ်နိုင်ငံမှ တင်သွင်းမှုသည် ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့တတိယအဆင့်သို့ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်အပါအဝင် ဗာဒံစေ့ အဓိကထုတ်လုပ်သည့်နိုင်ငံများအားလုံး၌ ဗာဒံစေ့ချူးဆွတ်လျက်ရှိရာ တရုတ်နိုင်ငံ၏ တင်သွင်းမှုသည် ၂၀၂၄/၂၅ တွင် မြင့်တက်လာမည်ဟု ခန့်မှန်းရကြောင်း၊ ၂၀၂၃/၂၄ တွင် ကယ်လီဖိုးနီးယားနှင့် သြစတြေးလျတို့တွင် ၅ နှစ် အတွင်း ထုတ်လုပ်မှု အနိမ့်ဆုံးသို့ ရောက်ရှိသွားသောကြောင့် တရုတ်၏ ဗာဒံစေ့တင်သွင်းမှုသည် သုံးပုံတစ်ပုံခန့် ကျဆင်းသွားခဲ့ပြီး ရောင်းလိုအားပြတ်လပ်မှုကို ကြုံတွေ့ခဲ့ရကြောင်း၊ သြစတြေးလျ ဗာဒံစေ့များသည် နှစ်နိုင်ငံကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ကြောင့် ဈေးကွက်ဝေစုလျင်မြန်စွာရရှိနေသော်လည်း အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံ၏ ဗာဒံစေ့အဓိကတင်သွင်းရောင်းချသူအဖြစ်ဆက်လက်ရှိနေကြောင်း၊ တရုတ်နိုင်ငံသည် စပိန်နိုင်ငံမှ ဗာဒံစေ့များကို စတင်တင်သွင်းနေသော်လည်း ပမာဏမှာ နည်းပါးနေသေးကြောင်း သိရသည်။

ပြည်ပသို့ အစေ့အဆန်တင်ပို့မှုအနေဖြင့် ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာခြင်းကြောင့် တရုတ်နိုင်ငံ၏ သစ်ကြားသီးများ တင်ပို့မှုမှာ ၂၀၂၄/၂၅ ရာသီတွင်လည်း ဆက်လက်မြင့်တက် နေမည်ဖြစ်ကြောင်း၊ တရုတ် သစ်ကြားသီးကို အရှေ့အလယ်ပိုင်းနှင့် အာရှအလယ်ပိုင်းနိုင်ငံများ အထူးသဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ကာဂျစ္စတန်နိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ပြည်တွင်းထုတ်လုပ်မှု မြင့်တင်လာမှုကြောင့် တရုတ်နိုင်ငံသည် အခွံပါမက္ကဒေးမီးယားများကို နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ခဲ့ပြီး အဓိကအားဖြင့် သြစတြေးလျနှင့် အမေရိကန်တို့ဖြစ်ကြောင်း၊ အခြားတစ်ဖက်တွင်မူ အခွံနှင့်အခွံခွာထားသော တရုတ်နိုင်ငံမှ ဗာဒံစေ့များကို ဗီယက်နမ်နိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများကို အဓိကတင်ပို့ပြီး တင်ပို့သည့်ပမာဏသည် ယခုအချိန်အထိ အနည်းငယ်မျှသာရှိသော်လည်း တဖြည်းဖြည်းတိုးလာကြောင်း သိရသည်။

Source: https://www.producereport.com/article/chinas-surging-nut-consumption-capita-intake-set-double-2030 , (စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_181120240334

## တရုတ်နိုင်ငံတွင် အထူးပြုကော်ဖီထုတ်လုပ်မှုမှ အကျိုးအမြတ်ရရှိရန် ဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံ၌ ကော်ဖီယဉ်ကျေးမှုနှင့် ကော်ဖီသောက်သုံးမှု ဆက်လက်အားကောင်းလျက်ရှိကြောင်း၊ ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းခေါင်းဆောင်များသည် ခုနစ်ကြိမ်မြောက် China International Import Expo ၌ အထူးသီးသန့်ပြုလုပ်ထားသည့် ကော်ဖီများကို ပြည်သူများကြိုက်နှစ်သက်လျက်ရှိပြီး ကော်ဖီလုပ်ငန်း ကဏ္ဍတိုးတက်မှုကို ပိုမိုတွန်းအားပေးဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

CIIE ကာလအတွင်း ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသ ကော်ဖီအသင်းနှင့် အာရှကော်ဖီအသင်းတို့ ပူးပေါင်းကျင်းပသည့် ဆွေးနွေးပွဲ၌ ကော်ဖီစေ့ပြသရောင်းချသူများ၊ ကော်ဖီကုန်သည်များနှင့် အထူးသီးသန့်ပြုလုပ်ထားသည့် ကော်ဖီဆိုင်ပိုင်ရှင်များသည် တရုတ်နိုင်ငံ၏ အနာဂတ်ကာလ ကော်ဖီလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် ကော်ဖီတင်သွင်းမှုနှင့်စားသုံးမှုတိုးလာခဲ့ပြီး မကြာမီနှစ်များအတွင်း ထွန်းသစ်စ ဈေးကွက်တစ်ခုဖြစ်လာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ ကော်ဖီ မက်ထရစ်တန် ၂၉၁,၀၀၀ တင်သွင်းခဲ့ပြီး ကမ္ဘာ့အဆင့် ၈ နေရာတွင်ရှိခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ကော်ဖီတစ်ဦးကျ သောက်သုံးမှုအရေအတွက်သည် ၃ ဒသမ ၂ မှ ၁၁ ဒသမ ၃ အထိ တိုးလာခဲ့ကြောင်း၊ Asian Coffee Association ၏ အထွေထွေအတွင်းရေးမှူးနှင့် China Coffee Engineering Research Center မှ ဒါရိုက်တာ Chen Zhenjia မှ ပြောကြားခဲ့သည်ဟု သိရသည်။

၂၀၂၂ ခုနှစ်၏ တစ်ဦးကျ ကော်ဖီသောက်သုံးမှုအရေအတွက် ၇၅ ဒသမ ၂ ဖြင့် နှိုင်းယှဉ်ပါက တရုတ်တွင် ကမ္ဘာ့ပျမ်းမျှစားသုံးမှုအဆင့်သို့ရောက်ရှိရေးအတွက် နှစ်စဉ်ရောင်းချရန် တန်ချိန် ၁,၆၂၃,၅၀၀ တိုးမြင့် လိုအပ်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ တရုတ်နိုင်ငံတွင် ဈေးကွက်ချဲ့ထွင်ရန် အလားအလာကောင်းများရှိနေကြောင်း ထပ်လောင်းပြောကြားခဲ့သည်ဟု သိရသည်။

ထို့ပြင် ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသ ကော်ဖီအသင်းဥက္ကဋ္ဌ ဒင်းရှန်းကလည်း တရုတ်နိုင်ငံ၏ ကော်ဖီသောက်သုံးမှုဈေးကွက်သည် ယခုအခါ ပျမ်းမျှနှစ်စဉ်တိုးတက်မှုနှုန်း ၂၀ ရာခိုင်နှုန်းဝန်းကျင်ဖြင့် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးကြီးထွားလျက်ရှိကြောင်း၊ ကမ္ဘာ့ပျမ်းမျှတိုးတက်မှုနှုန်း ၂ ရာခိုင်နှုန်းထက် များစွာမြင့်မားနေသည်ဟု သုံးသပ်ပြခဲ့ကြောင်း၊ လက်ရှိကာလတွင် တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးသူများသည် ဈေးကွက်အတွင်း နိုင်ငံအသီးသီးမှ ကော်ဖီစေ့များကို ရှာဖွေသောက်သုံးလျက်ရှိပြီး ၎င်းတို့၏ အရသာနှင့် ကော်ဖီအရည်အသွေး ပိုင်းဆိုင်ရာကြိုက်နှစ်သက်မှုမှာလည်း သဘာဝအတိုင်း မြင့်မားလာနေကြောင်း၊ အထူးသဖြင့် ကော်ဖီသည် တရုတ်နိုင်ငံတွင်ဝယ်လိုအား ကြီးမားလာမှုနှင့်အတူ အထူးပြုထုတ်လုပ်ထားသည့် ကော်ဖီများကိုလည်း အဓိက အသားပေးဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အထူးကော်ဖီဈေးကွက်မှာ ၂၀၂၀ ခုနှစ်တွင် ယွမ် ၁၂ ဒသမ ၃ ဘီလီယံရှိခဲ့ရာမှ ယခုနှစ်တွင် ယွမ် ၂၇ ဒသမ ၉ ဘီလီယံ (ဒေါ်လာ ၃ ဒသမ ၈၉ ဘီလီယံ) အထိ တိုးချဲ့နိုင်မည်ဟုမျှော်လင့်ကြောင်း၊ အထူးကော်ဖီသောက်သုံးသူ အရေအတွက်သည် စုစုပေါင်း၏ ၁၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အနာဂတ်ကာလတွင် ဆက်လက်တိုးတက်ရန် အလားအလာကောင်းများရှိကြောင်း သိရသည်။

ယခင်နှစ်က CIIE ၏ အစီအစဉ်တစ်ခုအဖြစ် နိုင်ငံအသီးသီးမှ ကော်ဖီစေ့များကို ဟွန်ဒူးရပ်စ်မှ ပဲများရောင်းချရန် ဆောင်ရွက်သကဲ့သို့အရောင်းမြှင့်တင်ခဲ့ကြောင်း၊ ယခုနှစ်တွင်ကော်ဖီကို အထူးအာရုံစိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ အရောင်းအဝယ်စာချုပ်များအပြင် CIIE သည် ဈေးကွက်အလိုက် စီးပွားရေးမိတ်ဖက်များရှာဖွေရန်နှင့် တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရာတွင် ကူညီပေးသည့် upstream၊ downstream ထောက်ပံ့ဖြန့်ဖြူးရေးဆိုင်ရာမိတ်ဖက်များနှင့် ချိတ်ဆက်ရာတွင်လည်း အရေးပါသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသ ကော်ဖီအသင်း ဥက္ကဋ္ဌ ဒင်းရှန်းမှထပ်လောင်းပြောကြားခဲ့သည်ဟု သိရသည်။

Source: Specialty coffee gains ground in China – Chinadaily.com.cn

စီးပွားရေးသံမှူးပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

Source:https://myantrade.gov.mm/article/Naypyitawstp-121120240135

## ဗီယက်နမ်ဆန်ရေတ်ကောင်းတင်ပို့မှုပမာဏတွင်ကျဆင်းခဲ့သော်လည်းတန်ဖိုးတွင်မြင့်တက်

၂၀၂၄ ခုနှစ်၏ ပထမဆယ်လတာကာလတွင် ဗီယက်နမ်၏ရေတ်ကောင်းတင်ပို့မှုသည် ပမာဏတွင် ၁ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ဈေးနှုန်းမြင့်တက်မှု၏ကျေးဇူးကြောင့် တန်ဖိုးတွင် ၄၈ ရာခိုင်နှုန်း သိသာစွာမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်အသင်း (VPSA) ၏ ပြောကြားချက်အရသိရသည်။

ထိုကာလတွင် ဗီယက်နမ်နိုင်ငံသည် ငရုတ်ကောင်းတန်ချိန် ၂၁၉,၃၈၇ တန် တင်ပို့ရာမှဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံရရှိခဲ့ကြောင်းသိရသည်။ အနက်ရောင်ငရုတ်ကောင်း တစ်တန်၏ ပျမ်းမျှတင်ပို့ဈေးနှုန်းမှာ တစ်တန်ကို ၄၉၇၁

အမေရိကန်ဒေါ်လာရှိပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁,၅၂၈ အမေရိကန်ဒေါ်လာ မြင့်တက်ခဲ့ကာ အဖြူရောင်ဆန်ရေတ်ကောင်းတစ်တန်မှာ အမေရိကန် ဒေါ်လာ ၆,၆၂၆ ဒေါ်လာရှိကာ လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁,၆၇၁ အမေရိကန်ဒေါ်လာမြင့်တက်ခဲ့ကြောင်းသိရသည်။ အောက်တိုဘာလတစ်လတည်းတွင် ဗီယက်နမ်သည် ငရုတ်ကောင်းတန်ချိန် ၁၈,၄၉၃ တန် တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၁၂၀ ရရှိခဲ့ကြောင်းသိရသည်။ ထိုကာလအတွင်း အမေရိကန်သည် တန်ချိန် ၆၂,၅၅၃ တန်ဖြင့် ဗီယက်နမ်၏ အကြီးမားဆုံးငရုတ်ကောင်းတင်ပို့ရာဈေးကွက်ဖြစ်ပြီး လွန်ခဲ့သည့်နှစ် တူညီသည့် ကာလထက် ၄၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး စုစုပေါင်းတင်ပို့မှုပမာဏ၏ ၂၈ ဒသမ ၅ ရာခိုင်နှုန်း ရှိကြောင်းသိရသည်။

အခြားအဓိကတင်ပို့ရာဈေးကွက်များတွင် ယူအေအီး၊ ဂျာမနီ၊ အိန္ဒိယနှင့် နယ်သာလန်နိုင်ငံ တို့ပါဝင်ကြောင်း သိရသည်။ ပြည်တွင်းထုတ်လုပ်မှုအပြင် ဗီယက်နမ်သည် ငရုတ်ကောင်းကို ပြုပြင်ထုတ်လုပ် တင်ပို့ရန်အတွက် အခြားနိုင်ငံများထံမှ တင်သွင်းကြောင်း သိရသည်။ အောက်တိုဘာလတစ်လတည်းတွင် ဗီယက်နမ်သည် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃သန်း တန်ဖိုးရှိသော ငရုတ်ကောင်းတန်ချိန် ၄,၈၁၈ တန်ကို အဓိကအားဖြင့် အင်ဒိုနီးရှားနှင့် ဘရာဇီးထံမှ တင်သွင်းပြီး စက်တင်ဘာလကထက် ၉၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ဆယ်လတာအတွက်ဆိုပါက အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၃ သန်း တန်ဖိုးရှိသော ငရုတ်ကောင်းတန်ချိန် ၂၈,၅၉၆ တန်ကိုတင်သွင်းခဲ့ကြောင်းသိရသည်။

ထို့ပြင် ဗီယက်နမ်သည် ထိုဆယ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၂၀ ဒသမ ၅ သန်းတန်ဖိုး ရှိသော သစ်ကြံပိုးခေါက် တန်ချိန် ၇၉,၅၁၆ တန်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ပမာဏတွင် ၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အိန္ဒိယ၊ အမေရိကန်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှာ ဗီယက်နမ်သစ်ကြံပိုးခေါက် အဓိကတင်ပို့ရာ ဈေးကွက်သုံးခုဖြစ်ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် ဗီယက်နမ်သည် အမေရိကန်ဒေါ်လာ ၉ သန်း တန်ဖိုးရှိသည့် သစ်ကြံပိုးခေါက်တန်ချိန် ၃,၇၁၃ တန်ကို ပြုပြင်ထုတ်လုပ်ရန်အတွက် တင်သွင်းခဲ့ကြောင်းသိရသည်။

Vietnamplus , DOCA(ရန်ကုန်)

Source: https://www.doca.gov.mm/my/node/26827

## အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ဂျပန်နိုင်ငံကို ကျော်လွန်နိုင်ဖွယ်ရှိ

ဂျပန်နိုင်ငံတွင် စီးပွားရေးတုံ့ဆိုင်းနေခြင်းနှင့် ယန်းငွေတန်ဖိုး ကျဆင်းနေခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ဂျပန်နိုင်ငံကို ကျော်လွန်ကာ ကမ္ဘာ့စီးပွားရေး အဆင့် ၄ နေရာသို့ ရောက်ရှိပြီး၊ ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးအဆင့် ၅ နေရာသို့ အဆင့် လျော့ကျသွား နိုင်ဖွယ် ရှိကြောင်း ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ထုတ် The Japan Times သတင်းစာတွင် “India set to overtake Japan in GDP rankings” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါ သတင်းတွင် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ဂျပန်နိုင်ငံကို ၂၀၂၅ ခုနှစ်တွင် ကျော်လွန်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားကြောင်း၊ S&G Global Ratings အနေဖြင့် ဂျပန်နိုင်ငံ၏ ကမ္ဘာ့စီးပွားရေးအဆင့် ၄ နေရာကို ၂၀၃၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံက ရယူသွားနိုင်မည် ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ်အထိ ဂျပန်နိုင်ငံမှာ ကမ္ဘာ့စီးပွားရေး အဆင့် ၂ နေရာတွင် ရှိခဲ့ပြီး၊ ၂၀၁၀ နောက်ပိုင်းတွင် တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံ၏နေရာကိုရယူခဲ့ကြောင်း၊ ထို့နောက် ဂျာမနီနိုင်ငံမှ ဂျပန်နိုင်ငံကို ထပ်မံကျော်လွန်ခဲ့ကြောင်း၊ လက်ရှိ အိန္ဒိယနိုင်ငံတွင် လူဦးရေတိုးပွားလာမှုကြောင့် ဂျပန်နိုင်ငံကို ထပ်မံကျော်လွန်နိုင်ဖွယ်ရှိကြောင်း၊ ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅ ထရီလီယံရှိခဲ့ပြီး၊ ဂျပန်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ၂၂ ထရီလီယံရှိခဲ့ကြောင်း၊ အပြည်ပြည် ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အနေဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ၇ ရာခိုင်နှုန်း နှင့် ၂၀၂၅ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းရှိနိုင်ကြောင်း၊ ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၂၄ ခုနှစ် တွင် သုည ဒသမ ၃ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၁ ဒသမ ၁ ရာခိုင်နှုန်းရှိနိုင်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေးအကြပ်အတည်းများနှင့် ငွေကြေးတန်ဖိုးကျဆင်းမှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရကြောင်း၊ အိန္ဒိယနိုင်ငံ၏ စီးပွားရေးမှာ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ တည်ငြိမ်စွာ တိုးတက်လာခဲ့ကြောင်း၊ ထိုသို့ စဉ်ဆက်မပြတ်ဆက်လက် တိုးတက်နေမည်ဆိုပါက အိန္ဒိယနိုင်ငံ၏ GDP မှာ ဂျပန်နိုင်ငံကို လာမည့်နှစ်အနည်းငယ်အတွင်း ကျော်လွန်နိုင်ဖွယ်ရှိကြောင်း၊ ထို့ပြင် ဂျာမနီကိုပါ ထပ်မံကျော်လွန်၍ အမေရိကန် နှင့်တရုတ်နိုင်ငံတို့ ပြီးပါက ကမ္ဘာ့စီးပွားရေး အဆင့် ၃ နေရာသို့ ရယူသွားနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဝယ်ယူနိုင်စွမ်းအား ကွာခြားမှုနှုန်း (Purchasing Power Parity) ဖြင့် ကြည့်မည်ဆိုပါက လက်ရှိတွင် အိန္ဒိယနိုင်ငံမှာ ကမ္ဘာ့အဆင့် ၃ နေရာတွင်ရှိပြီး၊ ဂျပန်နိုင်ငံမှာ ကမ္ဘာ့အဆင့် ၅ နေရာတွင်ရှိကြောင်း၊ ဂျပန်အစိုးရသည် လက်ရှိတွင် လွှတ်တော်အမတ်နေရာအများစုကိုရရှိထားခြင်းမရှိသည့် Minority Government သာဖြစ်ပြီး၊ ဂျပန်ဗဟိုဘဏ်အနေဖြင့်လည်း တင်းကြပ်သည့် ငွေကြေးမူဝါဒကို ပြောင်းလဲကျင့်သုံးနိုင်သည့်အတွက် နိုင်ငံရေးတွင်ဆုံးဖြတ်ချက်မပြတ်သားမှုများ ဖြစ်ပေါ်လာနိုင်ပြီး၊ အတိုးနှုန်း လည်း မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ တစ်ဦးကျ GDP မှာ အမေရိကန်ဒေါ်လာ ၂,၅၀၀ ဖြစ်ပြီး၊ ဂျပန်နိုင်ငံ၏ တစ်ဦးကျ GDP မှာ အမေရိကန်ဒေါ်လာ ၃၄,၀၀၀ ရှိကြောင်း၊ အိန္ဒိယနိုင်ငံတွင် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ ဖြစ်ပေါ်လာမည် ဆိုပါက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ငွေကြေးတန်ဖိုးနှင့် ဖွံ့ဖြိုးတိုးတက်မှုအချိန်ကာလများအပေါ်တွင်ပါ သိသာစွာ သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ စီးပွားရေးသံမှူး၊ တိုကျိုမြို့၊ ဂျပန်နိုင်ငံ။

Source: https://myantrade.gov.mm/article/npt-141120240932

## ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ခုနှစ်၊ နှစ်လယ်ကာလအထိ သကြားတင်သွင်းမည့်အစီအစဉ်မရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနပြောကြား

ဖိလစ်ပိုင်နိုင်ငံ၏ သကြားကြမ်းနှင့် သန့်စင်ပြီးသကြား နှစ်မျိုးစလုံးတွင် ပြည်တွင်းလိုအပ်ချက် ခန့်မှန်းထားသည့် ပမာဏအတိုင်း ဖူလုံမှုရှိသဖြင့် လာမည့် ၂၀၂၅ ခုနှစ်၊ နှစ်လယ်ကာလအထိ သကြားတင်သွင်းမည့် အစီအစဉ်မရှိသေးကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးမှ ပြောကြားခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်အား လတ်တလောကျင်းပပြုလုပ်ခဲ့သည့် Sugar Regulatory Authority အစည်းအဝေးပြီး ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ရှိကြံစိုက်ရာသီကုန်ဆုံးမည့် ၂၀၂၅ ခုနှစ်၊ မေလနှောင်းပိုင်းကာလအထိ သကြားတင်သွင်းမှု အစီအစဉ် နှောင့်နှေးနေဦးမည်ဖြစ်ကြောင်း၊ ကြံစိုက်ရာသီတွင်စိုက်ပျိုးမှုအနည်းငယ်နောက်ကျခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလ သီးနှံရာသီနှင့်နှိုင်းယှဉ်မည်ဆိုပါက လျော့နည်းခဲ့ကြောင်း၊ အယ်နီညိုသက်ရောက်မှုကြောင့် Dry Spells ဖြစ်ပေါ်ခဲ့ပြီး ရင့်မှည့်မှုမရှိ သဖြင့် ကြံတွင် သကြားပါဝင်မှုနှုန်းလျော့ကျခဲ့သည်။ ထို့အတွက် ကြံတောင်သူများအနေဖြင့် ရင့်မှည့်မှုရှိစေရန်စောင့်ဆိုင်းမည် ဖြစ်သဖြင့် ရိတ်သိမ်းချိန်နောက်ကျနိုင်ကြောင်း ဖော်ပြထားသည်။

ရိတ်သိမ်းပြီးချိန်နောက်ပိုင်း သကြားထွက်ရှိပမာဏကိုမူတည်ပြီးမှ တင်သွင်းမည့်အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိကြံစိုက်ဧရိယာမှာ မနှစ်ကသီးနှံရာသီက ၃၈၈,၃၇၈ ဟက်တာရှိရာမှ ယခုနှစ် တွင် ၃၈၉,၄၆ါ ဟက်တာထိ တိုးမြင့်ခဲ့သည့်အတွက် သကြားထုတ်လုပ်နိုင်မှုပမာဏ မက်ထရစ်တန် ၁ ဒသမ ၇၈၂ သန်းသို့ မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားရှိသည်။ သို့ရာတွင် အမေရိကန်စိုက်ပျိုးရေးဌာနမှ ဖိလစ်ပိုင်နိုင်ငံ၏ သကြားကြမ်းထုတ်လုပ်မှုသည် လက်ရှိသီးနှံရာသီတွင် အထွက်နှုန်း ၃ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း ခန့်မှန်းပြောကြားထားကြောင်းနှင့် လက်ရှိသီးနှံရာသီမှာ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် ကုန်ဆုံးမည်ဖြစ်သည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ ပြည်တွင်းလက်လီဈေးနှုန်းများမှာ သန့်စင်ပြီး သကြား (Refined Sugar) တစ်ကီလိုလျှင် ၇၄-၉၀ ပီဆိုကြား၊ (Washed Sugar) မှာ တစ်ကီလိုလျှင် ၇၀-၉၀ ပီဆိုကြား၊ သကြားညို (Brown Sugar) တစ်ကီလိုလျှင် ၆၅-၉၀ ပီဆိုကြားရှိကြောင်း ဖော်ပြပါရှိသည်။ (စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp-121120241220

## ဖိလစ်ပိုင်နိုင်ငံသည် ပြောင်းနှင့် ပိန်းဥ တို့အား ပြည်တွင်းရိက္ခာဖူလုံမှုရှိစေရန် ဆောင်ရွက်လျက်ရှိ

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် ပြောင်းနှင့်ပိန်းဥတို့အား ပြည်တွင်းဖူလုံမှုရှိစေရန်နှင့် အထွက်နှုန်းတိုးစေရန် ရည်ရွယ်ပြီး National Corn Program အတွက် ပီဆို ၅ ဒသမ ၃၁ ဘီလီယံအား ဘတ်ဂျက်ခွဲဝေချထားပေးရန် အဆိုပြုတင်ပြခဲ့သည်။ အဆိုပါအစီအစဉ်မှ အရည်အသွေးမြင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးပေးခြင်း၊ ဓာတ်မြေဩဇာများ ဝယ်ယူခြင်း၊ စိုက်ပျိုးရေးနည်းပညာများ သင်ကြားပို့ချပေးခြင်း၊ ရိတ်သိမ်းပြီးချိန် စက်ပစ္စည်းများနှင့် ရေသွင်းစနစ်တို့ကို တောင်သူများအတွက် ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

လာမည့် ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းလိုအပ်ချက်၏ အနည်းဆုံး ၈၁ ရာခိုင်နှုန်းခန့်ထိ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးမှပြောကြားခဲ့သည်။ ပြောင်းဝါ(Yellow Corn) အထွက်နှုန်းအား တစ်ဟက်တာလျှင် ၅ ဒသမ ၁၇ မက်ထရစ်တန် ၊ ပြောင်းဖြူ (White Corn) အား ၂ ဒသမ ၂၉ မက်ထရစ်တန်နှင့် ပိန်းဥအား ၁၁ ဒသမ ၇၃ မက်ထရစ်တန် တိုးမြင့်ထွက်ရှိရန် အစီအစဉ်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ပြောင်းနှင့်ပိန်းဥတို့သည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသည့် ဆက်စပ်ကုန်စည်များဖြစ်ပြီး အစားအစာနှင့်တိရစ္ဆာန်အစာ နှစ်မျိုးစလုံးတွင် အသုံးပြုလျက်ရှိသည်။ Corn Production Enhancement Project အား ပြောင်း

ထုတ်လုပ်မှုတိုးမြင့်စေရန်၊ ဝင်ငွေမြင့်မားလာစေရန်တို့အတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး တောင်သူများအတွက် လိုအပ်သော အရည်အသွေးကောင်းမွန်သည့် ဓာတ်မြေဩဇာများနှင့် မျိုးစေ့များကို ထောက်ပံ့ပေးမည်လည်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ကိန်းဂဏန်းအချက်အလက်များအရ ပြောင်းမျိုးစေ့ ၁,၇၀၀ မက်ထရစ်တန်ကျော်၊ ပိန်းဥမျိုးစေ့ ၂ ဒသမ ၉ သန်းနီးပါး၊ ဓာတ်မြေဩဇာ ၆,၀၀၀ မက်ထရစ်တန်နီးပါး ဖြန့်ဖြူးပေးပြီးဖြစ်ကြောင်း ဖော်ပြထားသည်။ ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနသည် Philippines Maize Federation Inc. (Philmaize) နှင့်ပူးပေါင်း၍ Corn Congress ကိုကျင်းပ ပြုလုပ်ခဲ့ပြီး ပြည်တွင်းပြောင်းစိုက်ပျိုးထုတ်လုပ်ရေးတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြား ခဲ့သည်။

ထို့ပြင် ပြောင်းလုပ်ငန်းကဏ္ဍတွင် ထုတ်လုပ်မှုကျဆင်းလာခြင်း၊ ဈေးနှုန်းများကျဆင်းခြင်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အကန့်အသတ်ဖြင့်သာရရှိခြင်း၊ ရိတ်သိမ်းပြီးချိန် သိုလှောင်သိမ်းဆည်းနိုင်သည့် အခြေခံအဆောက်အအုံများ လိုအပ်ခြင်းတို့ကိုလည်းသက်ဆိုင်ရာကဏ္ဍအသီးသီးမှတာဝန်ရှိသူများကလည်း ဆွေးနွေးပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

Philmaize နှင့် White Corn Technical Committee တို့ပူးပေါင်းရေးဆွဲထားသည့် Philippines White Corn Industry Roadmap 2024–2029 နှင့်သက်ဆိုင်သည့် အထောက်အထား၊ စာရွက်စာတမ်းတို့ကို စိုက်ပျိုးရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း၊ အဆိုပါအစီအစဉ်အရ ဈေးကွက်တွင်း ပြောင်းဖြူစားသုံးမှု တိုးမြင့်စေရန်နှင့် ပြည်တွင်းစားသုံးမှုဖူလုံမှု ရှိစေရန် ရည်ရွယ်ရေးဆွဲထားသည့် အစီအစဉ်တစ်ရပ်ဖြစ်သည်။ (စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp-121120241225

## ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ ကျောက်ပုစွန်တင်ပို့မှု ၃၃ ဆ မြင့်တက်

ဇန်နဝါရီမှစက်တင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ ကျောက်ပုစွန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂၀၅ ဒသမ ၈၇ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၃၃ ဆ တိုးမြင့်လာကြောင်း၊ နှစ်နိုင်ငံကြား ကုန်သွယ်မှုဆက်ဆံရေး ပိုမို အားကောင်းလာကာ ဈေးနှုန်းများကျဆင်းခဲ့ကြောင်း သိရသည်။

South China Morning Post က အဆိုပါတင်ပို့မှုသည် ယခင်နှစ် အလားတူကာလထက် ၃,၂၈၅ ရာခိုင်နှုန်း တိုးလာကြောင်း တရုတ်နိုင်ငံ အကောက်ခွန်ဌာန၏ စာရင်းများကို ကိုးကား၍ ဖော်ပြခဲ့သည်။

စက်တင်ဘာလတစ်လတည်းတွင် ဗီယက်နမ်နိုင်ငံ၏ ကျောက်ပုစွန်တင်ပို့မှုသည် ဩဂုတ်လထက် ၁၃၃ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံ၏ ကျောက်ပုစွန်တင်သွင်းမှုမှာ ပြီးခဲ့သည့်နှစ်ထက် ၄၀ ဒသမ ၈၆ ရာခိုင်နှုန်း တိုးလာ ကြောင်း သိရသည်။

အသုံးစရိတ်သုံးစွဲမှု သတိထားဆောင်ရွက်နေချိန်တွင် တရုတ်စားသုံးသူများသည် တန်ဖိုးကြီးအစားအစာများ ဝယ်လို အားမြင့်တက်လာကြောင်းတွေ့ရှိရပြီး၊ ဗီယက်နမ်မှ တင်သွင်းမှုကုန်ကျစရိတ်သည် အလုပ်သမားနှင့် ပို့ဆောင်မှုကွာခြားခြင်း ကြောင့် အခြားနိုင်ငံများထက် သိသိသာသာ နည်းပါးနေကြောင်း လေ့လာသုံးသပ်သူများ၏ အဆိုအရ သိရသည်။

ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်းမှ ကျွမ်းကျင်သူ Phung Thi Kim Thu က နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးဆောင်ရွက်မှု (RCEP)အောက်တွင် တရုတ်နိုင်ငံမှ ဖြေလျှော့ထားသော ပင်လယ်စာတင်သွင်းမှု စည်းမျဉ်းများနှင့် ကုန်သွယ်မှု သဘောတူညီချက်များသည် ဗီယက်နမ်မှ ပုစွန်များတင်ပို့မှုကို မြှင့်တင် နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

မကြာသေးမီကလာအိုနိုင်ငံတွင်ကျင်းပသည့်အာဆီယံထိပ်သီးအစည်းအဝေးတွင်ပေကျင်းနှင့်ကင်ဘာရာ တို့သည် ၄ နှစ် နီးပါးဆိုင်းငံ့ထားသည့် ကျောက်ပုစွန်တင်ပို့မှုကို အဆုံးသတ်ရန် သဘောတူညီခဲ့ကြပြီး မကြာမီဩစတြေးလျသို့ ကျောက်ပုစွန် များ ပြန်လည်တင်ပို့တော့မည်ဖြစ်သည်။

၂၀၁၉ ခုနှစ်က မှတ်တမ်းတင်ခဲ့သော အချက်အလက်များအရ တရုတ်နိုင်ငံ၏ ပုစွန်တင်သွင်းမှု ထက်ဝက်ကျော်သည် ဩစတြေးလျမှဖြစ်ကြောင်း သိရသည်။ Source: VN Express International, (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟန်္နိုင်းမြို့)

https://myantrade.gov.mm/article/Naypyitawstp_291020240148

# ပြည်တွင်းကုန်သွယ်မှုသတင်း

## “အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး” အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကကြီးမှူး၍ ရှမ်းပြည်နယ် အတွင်း ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ “အသေးစား၊ အငယ်စားနှင့်

အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး” အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာ ဝန်ကြီး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး၊ ရှမ်းပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ၊ ရှမ်းပြည်နယ် (တောင် ပိုင်း) ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကုန်သည် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တောင်သူအစုအဖွဲ့များ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၂၅ ဦး တက်ရောက်ခဲ့သည်။

ရှမ်းပြည်နယ်သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများစွာရှိပြီး စိုက်ပျိုးရေးထွက်ကုန်ကဏ္ဍမှ ပြောင်း၊ ပဲအမျိုးမျိုး၊ သစ်သီးဝလံနှင့် စားဖိုဆောင်သီးနှံများ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိရာ အဆိုပါ ထုတ်ကုန်များထဲမှ လက်ရှိတင်ပို့နေသည့် ထုတ်ကုန်ပစ္စည်းများအပြင် ပြည်ပပို့ကုန် အလားအလာရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့လျှင် အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်သောကြောင့် ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်များ ပိုမိုတိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်နယ်အတွင်း ကုန်သွယ်မှုမြင့်မား တိုးတက်လာစေရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ရေးနှင့် ပြည်ပတင်ပို့ရောင်းချရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးပွဲတွင် ဖော်ထုတ်နိုင်ခဲ့သည်။

ဤကဲ့သို့ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအတူတကွ ပူးပေါင်းဆွေးနွေး ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ လုပ်ငန်းရှင်များ၊ Exporterများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း များအတွက် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ကျင်းပပြုလုပ်ခဲ့ခြင်း သိရသည်။

Source:https://myantrade.gov.mm/article/Nay%20Pyi%20Taw_%2022_11_2024

## ဆန်ပို့ကုန်လုပ်ငန်းရှင်များ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ထားရှိသည့် ပို့ကုန်အခြေပြု အရန်ဆန်စနစ်တွင် ဆန်အိတ်ရေ ရှစ်သိန်းခန့်ထားရှိ

ဆန်စပါးစင်တာတွင်ထားရှိသည့် Exporter များ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ထားရှိသည့် ပို့ကုန် အခြေပြုအရန်ဆန်စနစ်တွင် ဆန်အိတ်ရေ ရှစ်သိန်းခန့်ရှိကြောင်း နိုဝင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင် ကပြောသည်။

ဧည့်မထ ၁၅ မှတ်အမျိုးအစားကို အဓိကထားရှိ၍ ဆန်ရှည်ဆန်သားလည်းကောင်းမွန်ပြီး သင့်တင့်မျှတ ကြောင်းလည်း သိရသည်။

“နိုင်ငံတော်အရန်ဆန်လို ပို့ကုန်အခြေပြု အရန်ဆန်စနစ်ဆိုပြီး လုပ်ထားပါတယ်။ ပို့ကုန်အခြေပြုဆိုတာ ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ပါဝင်မှု Exporter တွေရဲ့ပူးပေါင်းမှုနဲ့ ဆောင်ရွက်ထားပါတယ်။ အဲဒီအစီအစဉ်က ဆန်အိတ် ရှစ်သိန်းလောက်ရှိပါတယ်။ ဧည့်မထကိုပဲ အဓိကထားတယ်။ ဧည့်မထ ၁၅ မှတ်အဆင့်။ ဧည့်မထမှာ အုပ်စုနဲ့ရှိတယ်။ ပြည်တွင်းမှာတော့ အခြေခံပြည်သူတွေကတော့ စားလို့ရပါတယ်။ ၁၅ မှတ်အဆင့်ဖြစ်တဲ့အတွက် ဆန်ရှည်ဆန်သားလည်းကောင်းပါတယ်။ သင့်တင့်မျှတပါတယ်”ဟုပြောသည်။

ယင်းကဲ့သို့ ဆန်အိတ်ရှစ်သိန်းရှိသည့်အတွက် လိုအပ်ချက်ရှိပါက ပရဟိတအသင်းအဖွဲ့ဖြစ်စေ၊ လူမှုရေး အသင်းအဖွဲ့များဖြစ်စေ၊ စက်ရုံအလုပ်ရုံများမှဖြစ်စေ လိုအပ်ချက်ရှိပါက ရောင်းပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ပို့ကုန်အခြေပြုအရန်ဆန်စနစ်အပြင် လက်ရှိတွင်လည်း ရွှေဘိုပေါ်ဆန်း၊ ရောဝတီပေါ်ဆန်းတို့ကိုလည်း အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးခြင်းရှိကြောင်းလည်း သိရသည်။

“ကျွန်တော်တို့ ဆန်ဖြန့်ဖြူးရောင်းချတာကလည်း အမှန်တကယ်တော့ ဆန်စပါးအသင်းချုပ်က စီးပွားရေးလုပ်တဲ့အဖွဲ့အစည်းတော့မဟုတ်ပါဘူး။ ဒါပေမဲ့ လက်ရှိအခြေအနေအရ ဈေးကွက်လိုအပ်ချက်ကြောင့် အထူးသဖြင့် စက်မှုဇုန်တွေ၊ ကုမ္ပဏီတွေရဲ့ဝန်ထမ်းတွေ၊ စက်ရုံအလုပ်ရုံတွေရဲ့ ဝန်ထမ်းတွေ၊ အခြေခံပြည်သူတွေရဲ့ လိုအပ်ချက်တွေရှိလာရင် ဒီအရန်ဆန်ထဲကနေထုတ်ပြီးတော့ ရောင်းပေးမှာပါ”ဟု ဦးရဲမင်းအောင်က ပြောသည်။

Source: မြန်မာ့အလင်းသတင်းစာ

## ပြည်ပကုန်သွယ်မှုသတင်း

### မြန်မာ့နာနတ်သီးများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုခဲ့

မြန်မာနိုင်ငံမှ လတ်ဆတ်သော နာနတ်သီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဟု တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC)က နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ၎င်း၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ နာနတ်သီး အဓိကစိုက်ပျိုးသည့်ဒေသသည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင်တည်ရှိပြီး နာနတ်သီးများကို ပုံမှန်အားဖြင့် ဇွန်လမှ စက်တင်ဘာလအတွင်း ခူးဆွတ်လေ့ရှိကြောင်း၊ ယခင်က မြန်မာနိုင်ငံမှ နာနတ်သီးအများစုကို တရားဝင်နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအစီအစဉ်ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ သို့သော်လည်း တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် အဆိုပါလမ်းကြောင်းကို တရားဝင်ရပ်ဆိုင်းခဲ့ရာ မြန်မာ့နာနတ်သီး လုပ်ငန်းများအတွက် သိသိသာသာ ဆုံးရှုံးမှုဖြစ်စေခဲ့ကြောင်း၊ မြန်မာ့ ပို့ကုန်လုပ်ငန်းရှင်များသည် ထိုင်း၊ စင်ကာပူနှင့် အခြားနိုင်ငံများတွင် အစားထိုးဈေးကွက်များ ရှာဖွေခဲ့သော်လည်း တင်ပို့မှုပမာဏမှာ နည်းပါးနေသေးကြောင်း သိရသည်။

နှစ်ပေါင်းများစွာ ညှိနှိုင်းဆွေးနွေးပြီးနောက် ယခုအခါတွင် မြန်မာနိုင်ငံမှ နာနတ်သီးများကို ပုံမှန်ကုန်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရန် နောက်ဆုံးတွင်ခွင့်ပြုချက်ရရှိခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

GACC ၏ ကြေညာချက်အရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တရုတ်နိုင်ငံသို့ တင်ပို့လိုသော နာနတ်သီးစိုက်ခင်းများနှင့် ထုပ်ပိုးသည့် စက်ရုံများကို မှတ်ပုံတင်ရန် လိုအပ် ကြောင်း၊ အဆိုပါစိုက်ခင်းများနှင့် လုပ်ငန်းများကို GACC မှ အတည်ပြုသွားမည်ဖြစ်ပြီး ၎င်း၏ဝက်ဘ်ဆိုဒ်တွင် အတည်ပြုထားသောစာရင်းကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် စိုက်ပျိုးသူများအနေဖြင့် ပြည့်စုံသော အရည်အသွေးစီမံခန့်ခွဲမှုနှင့် ခြေရာခံနိုင်မှုစနစ်များ ထူထောင်ရန်နှင့် ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းစနစ်များကို အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ အသီးများနှင့် အရွက်များတွင် အင်းဆက်ပိုးမွှားများ၊ ခရုများ၊ မြက်မျိုးစေ့များ၊ အပင်အကြွင်းအကျန်များနှင့် မြေကြီးကဲ့သို့ အမှိုက်များကင်းစင်စေရန်အတွက် ထုပ်ပိုးမှုလုပ်ငန်းစဉ်အတွင်း လက်ဖြင့်စီခြင်း၊ စစ်ဆေးခြင်း၊ ရေဖြင့်ပွတ်တိုက်ဆေးကြောခြင်း သို့မဟုတ် ဖိအားမြင့်ရေပိုက်ဖြင့် ဆေးကြောသန့်စင်ခြင်းကဲ့သို့သော လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

နာနတ်သီးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက စိုးရိမ်ရကြောင်း သတ်မှတ်ထားသည့် ပိုးမွှား(၅) မျိုးမှာ the spiraling whitefly (Aleurodicus dispersus)၊ gray pineapple mealybug (Dysmicoccus neobrevipes)၊ passionvine mealybug (Planococcus minor)၊ Jack Beardsley mealybug (Pseudococcus jackbeardsleyi) နှင့် the fungal plant pathogen Fusarium sacchari တို့ ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်မှုစတင်ပြီးနောက် ပထမ ၂ နှစ်အတွင်း မြန်မာနိုင်ငံမှ သက်ဆိုင်ရာအာဏာပိုင်များသည် ကုန်ပစ္စည်းတင်ပို့မှုတစ်ခုစီအတွက် ၂ ရာခိုင်နှုန်းထက်မနည်းသော နမူနာများကို စစ်ဆေးရန်လိုအပ်ကြောင်း၊ ထိုနှစ်နှစ်အတွင်း ပိုးမွှားဆိုင်ရာ ပြဿနာများ မပေါ်ပေါက်ပါက နမူနာနှုန်းကို ၁ ရာခိုင်နှုန်းသို့ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

Source: https://www.producereport.com/article/fresh-myanmar-pineapples-granted-china-market-access

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_261120240350

## အထူးဆောင်းပါးများ

### သစ်တောပြုန်းတီးမှုကင်းစင်ရေးဆိုင်ရာ ထုတ်ကုန်စည်းမျဉ်းစည်းကမ်း (EUDR) အကောင်အထည်ဖော်နိုင်ရေးအတွက်သတ်မှတ်ထားသော နောက်ဆုံးရက်ကို တစ်နှစ် သက်တမ်းတိုးရန် အီးယူက အဆင်သင့်ဖြစ်နေ

ဥရောပကော်မရှင်က ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်တွင် စတင်အသက်ဝင်မည့် သစ်တောပြုန်းတီးမှုနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသည့် ကုန်စည်နှင့် ထုတ်ကုန် များ တင်ပို့ရောင်းချခြင်းအပေါ် ထိန်းချုပ်ထားသည့် ဥရောပသစ်တောပြုန်းတီးမှုကင်းစင်ရေးစည်းမျဉ်းဥပဒေ(EU Deforestation Regulation - EUDR) အား အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စအပေါ် ဥရောပနယ်ပယ် ဒေသအတွင်းရှိ စက်မှုလုပ်ငန်းများ၊ အဖွဲ့ဝင်နိုင်ငံအချို့နှင့် ကုန်သွယ်ဖက်များက ဖိအားပေးကန့်ကွက်မှုများ ဆောင်ရွက်လာပြီးသည့်နောက် ဥရောပကော်ရှင်က ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂ ရက်တွင် EUDR အကောင် အထည်ဖော်မှု နောက်ဆုံးရက်ကို တစ်နှစ် သက်တမ်းတိုးရန် ဥရောပကောင်စီသို့

တရားဝင်အဆိုပြုခဲ့ရာ ကောင်စီက ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် သဘောတူခဲ့ပြီး ဥရောပပါလီမန်သို့ အဆိုပြုတင်ပြရန် ဆုံးဖြတ်ခဲ့သည်။ ဥရောပပါလီမန်မှ သဘောတူကြောင်းဆုံးဖြတ်ပါက လုပ်ငန်းရှင်ကြီးများနှင့် ကုန်သွယ်မှု ဆောင်ရွက်နေသည့် လုပ်ငန်းများအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှ စတင်၍လည်းကောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) များအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်မှ စတင်၍လည်းကောင်း EUDR အကောင် အထည်ဖော်မှုကို လိုက်နာဆောင်ရွက်ရန်ရှိမည်ဖြစ်သည်။

အီးယူပါလီမန်သည် ကော်မရှင်၏ အဆိုပြုချက်ကို ယခုနှစ်အကုန်တွင် တရားဝင်အတည်ပြုရန်ရှိပြီး အီးယူ၏ တရားဝင်အသိအမှတ်ပြုဂျာနယ်တွင် ထည့်သွင်းထုတ်ဝေသွားရန် ရည်ရွယ်ထားသည်။ EUDR အတွက် လိုအပ်ချက်များနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာမူဘောင်ကို ရှင်းလင်းစွာသိရှိနိုင်ရန် ရည်ရွယ်၍ မကြာခဏမေးမြန်းလာကြသည့် မေးခွန်းများအတွက်လည်း ကော်မရှင်က အသေးစိတ်လမ်းညွှန်ချက် စာတမ်းကိုထုတ်ဝေခဲ့ပြီးဖြစ်သည်။ ကောင်စီ၏ အဆိုပြုချက်ကို ပါလီမန်က အတည်ပြုလိုက်ပါက Stakeholder များ အတွက် EUDR ကို လိုက်နာဆောင်ရွက်နိုင်ရန် ပြင်ဆင်ချိန် တစ်နှစ်ရရှိသွားမည်ဖြစ်ပြီး၊ အီးယူအတွက်လည်း အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စရပ်များကို အပြီးသတ်ဆောင်ရွက်နိုင် မည်ဖြစ်သည်။

EUDR သည် ကမ္ဘာလုံးဆိုင်ရာ သစ်တောပြုန်းတီးမှုနှင့် သစ်တောပြုန်းတီးမှုအပေါ် အီးယူ၏ အကျိုးသက်ရောက်မှုကို လျှော့ချရန် ရည်ရွယ်ထားသော အီးယူ၏ အငြင်းပွားဖွယ်ရာစည်းမျဉ်းတစ်ခုဖြစ်သည်။ EUDR အရ ပဏာမအားဖြင့် ဆီအုန်း၊ ကျွဲ၊ နွား၊ ထင်း၊ ကော်ဖီ၊ ကိုကို၊ ရော်ဘာ၊ ပဲပိစပ် အစရှိသည့် ကုန်စည် ၇ မျိုးနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ထုတ်ကုန် များအတွက် ကနဦးလျှောက်ထားရမည်ဖြစ်ပြီး၊ လျှောက်ထားရန် လိုအပ်သည့် ကုန်စည်များအတွက် Custom Code များကို EUDR တွင် နောက်ဆက်တွဲအဖြစ် ဖော်ပြပေးထားကြောင်း သိရသည်။

EUDR အရ အီးယူဈေးကွက်သို့ ဝင်ရောက်မည့်ကုန်စည်များ (သို့မဟုတ်) အီးယူမှတင်ပို့မည့် ကုန်စည်များ တရားဝင် ဖြစ်စေရေးအတွက် ၎င်းကုန်စည်များကို ထုတ်လုပ်သည့်နေရာသည် သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းနှင့်ကိုက်ညီသည့် ထုတ်လုပ်ခွင့်ရှိသောနိုင်ငံ ဟုတ်-မဟုတ်၊ သစ်တောပြုန်းတီးမှုကင်းစင်ခြင်းရှိ- မရှိ၊ ဆိုလိုသည်မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ပိုင်းတွင် သစ်တောပြုန်းတီးမှုကင်းစင်ရန် သတ်မှတ် ထားသော မြေနေရာများပေါ်တွင် ထုတ်လုပ်ခြင်းရှိ-မရှိ အစရှိသည်တို့ကို သေချာစွာ ခွဲခြမ်းစိတ်ဖြာပေးနိုင် မည့် operators and traders များပါ လိုအပ်မည်ဖြစ်ပြီး၊ ယင်းထုတ်ကုန်များ အီးယူဈေးကွက်သို့ ဝင်ရောက်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း သက်သေပြနိုင်ရေးအတွက် operators and traders များအနေဖြင့် ကုန်စည်ထုတ်လုပ်သည့် သက်ဆိုင်ရာမြေကွက်အားလုံး၏ ပထဝီဝင်အနေအထားတည်နေရာကို အကဲဖြတ်ခြင်း နှင့် အန္တရာယ်ကင်းရှင်း လျော့ပါးရေးစသည်တို့ကို သိရှိထားရန် လိုအပ်မည်ဖြစ်သည်။

EUDR လျှောက်ထားရာတွင် လိုအပ်ချက်များ များပြားရှုပ်ထွေးနေသည့်အတွက် ကုန်စည်ထုတ်လုပ်သည့် နိုင်ငံများ၊ အီးယူရှိ စီးပွားရေးလုပ်ငန်းကြီးများနှင့် အီးယူအဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်ရမည့် ရက်သတ်မှတ်ချက်ကို ရွှေ့ဆိုင်းပေးရန်တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ EUDR စံသတ်မှတ်ခြင်းစနစ်အရ ခွဲခြားဆက်ဆံခံရနိုင်ဖွယ်ရှိသော သဘော သဘာဝအပေါ် အီးယူ၏ ကုန်သွယ်ဖက်နိုင်ငံများက အထူးစိုးရိမ်လျက်ရှိပါ သည်။ တစ်ဖက်တွင် အကောင်အထည်ဖော်ရမည့် သတ်မှတ်ရက်များအား ရွှေ့ဆိုင်းလိုက်ခြင်းနှင့် ကော်မရှင်မှ အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေထုတ်ပြန်လိုက်ခြင်းသည် WTO အဖွဲ့ဝင်များအကြား အီးယူ၏ ပွင့်လင်း မြင်သာရှိမှုကို ပြသရာရောက်သဖြင့် အပြုသဘောဆောင်သော ဖွံ့ဖြိုးတိုးတက်မှု တစ်ခုဖြစ်ကြောင်း ရှုမြင်နိုင်ပေသည်။

EUDR အတွက် လိုအပ်ချက်များမှာ အခြားသော စည်းမျဉ်းဥပဒေများနှင့် ကွဲပြားလျက်ရှိရာ ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (သို့မဟုတ်) အခြားသော ပြင်ပအဖွဲ့အစည်းများမှ အတည်ပြုထားသော အစီအစဉ်များသည် စီးပွားရေး လုပ်ငန်း ဆောင်ရွက်နေသူများအတွက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ အရေးကြီးသော အစိတ်အပိုင်းကောင်းများ ဖြစ်နိုင်သော်လည်း EUDR အတွက်မူ ၎င်းတို့မှာ ဆုံးရှုံးနိုင်ခြေများအတွက် လိုအပ်သောအချက်အလက်များသာဖြစ်ပြီး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအတွက် မဟာဗျူဟာမူဘောင်ဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုသာ ဖြစ်သည်။

ထို့ပြင် EUDR အကောင်အထည်ဖော်ရန် သတ်မှတ်ရက်တိုးမြှင့်လိုက်ခြင်းသည် စီးပွားရေးဆောင်ရွက်နေသူများနှင့် ကုန်သည်များအတွက် supply chains ကဲ့သို့သော ကိစ္စရပ်များကို EUDR နှင့် လိုက်လျောညီထွေဖြစ်စေရေး အကောင်အထည် ဖော်ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ချိန် ပိုမိုရရှိသွားမည်ဖြစ်သကဲ့သို့ ကုန်သည်များအနေဖြင့် ၎င်းတို့၏ Profile များကို Information System တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ မှတ်ပုံတင်နိုင်မည်ဖြစ်ပြီး၊ EUDR လျှောက်ထားခြင်းမပြုမီ လိုအပ်ချက်များကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ကြိုတင်စမ်းသပ်ခြင်း၊ Statement တင်သွင်းခြင်းများ ပြုလုပ်နိုင်မည် ဖြစ်သည်။

EUDR တွင် အီးယူပြင်ပနိုင်ငံများမှ တင်သွင်းလာသော food and feed products များအတွက် Pre– arrival notifications များကို အီးယူအဖွဲ့ဝင်နိုင်ငံများက တောင်းဆိုနိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်ထားသော နယ်စပ်ထိန်းချုပ်ရေးစခန်းများတွင် တရားဝင်ထိန်းချုပ်မှုများ ပြုလုပ်မည့်ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ အပင်များ၊ အပင်ထွက်ပစ္စည်းများနှင့် အခြားသော ဆက်စပ်ပစ္စည်းများကို အပင်များ၏ပိုးမွှားများ အကာအကွယ်ပေးခြင်း ဆိုင်ရာစည်းမျဉ်းများအရ ဥပဒေနှင့်အညီ ထိန်းချုပ်မှုများဆောင်ရွက်သွားမည့်ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဖော်ပြထားပြီး တိရစ္ဆာန်များနှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ အီးယူသို့ ဝင်ရောက်မှုအတွက် ကန့်သတ်ထိန်းချုပ်ထားသော သတ်မှတ်ချက်များကိုပါ ဖော်ပြထားသည်။ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥရောပသမဂ္ဂအတွင်းသို့ ဈေးကွက်ဝင်ရောက်ခွင့်တွင် ပြစ်ဒဏ်များ၊ ဒဏ်ငွေများ၊ (သို့မဟုတ်) ကန့်သတ်ချက်များဖြင့် ထိန်းချုပ်ခြင်းကိုခံရမည်ဖြစ်ပြီး၊ အကျိုးဆက်အဖြစ် လိုက်နာမှုမရှိသည့်အတိုင်းအတာအလိုက် စည်းမျဉ်းဥပဒေအရ ပြဋ္ဌာန်းချက်များအပေါ် မူတည်၍ ပြစ်ဒဏ်အမျိုးမျိုးကွဲပြားသွားနိုင်သည်။

ထို့ပြင် အီးယူသို့ ဝင်ရောက်လာမည့် ပြင်ပနိုင်ငံများမှ food and feed products များ အတွက် Pre– arrival notifications များတောင်းခံနိုင်မည့် Regulation မှာ ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်တွင် စတင် အကျိုး သက်ရောက်မှုရှိမည်ဖြစ်ပြီး၊ ယင်း Regulation အရ ကုန်သည်များ အနေဖြင့် ဥရောပသမဂ္ဂသို့ ဝင်ရောက်လာမည့် ကုန်စည်များအတွက် WTO ၏ Committee on Sanitary and Phytosanitary Measures သို့လည်း အသိပေး အကြောင်းကြားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ EUDR နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်များအား သိရှိလိုပါက အောက်တွင် ဖော်ပြထားသော Link သို့ဝင်ရောက်၍ သက်ဆိုင်ရာ စည်းမျဉ်းဥပဒေ၊ Acts များနှင့် ဆုံးဖြတ်ချက် များအား လေ့လာ ဖတ်ရှုနိုင်မည်ဖြစ်သည်။

Source: http://www.fratinivergano.eu/en/21-october-2024/#EUDR

စီးပွားရေးသံမှူး၊ ဘာလင်မြို့။

https://myantrade.gov.mm/article/npt-071120241030

# ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၄၊ နိုဝင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃.၁၂.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပေါင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | – | 120000–125000 |
| မြောင်းမြ | 87000–88000 | 120000–125000 |
| ဒေးဒရဲ | 87000–88000 | 110000–120000 |
| ဝါးခယ်မ | 87000–88000 | 110000–120000 |
| ဘိုကလေး | 87000–88000 | 110000–120000 |
| မော်လမြိုင်ကျွန်း | 87000–88000 | 120000–125000 |
| လပွတ္တာ | – | 120000–125000 |
| ကျိုက်လတ် | 87000–88000 | 110000–120000 |
| ဘုရင့်နောင် | 85000–87000 | 145000–150000 (ရွှေဘိုပေါ်ဆန်း) |

Source: MRF

### ၂၀၂၄၊ နိုဝင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS–1 | RSS–2 | RSS–3 | RSS–4 | RSS–5 |
|---|---|---|---|---|---|---|
| 1 | 4.11.2024 | 1900-2100 | 1850-2050 | 1800-2000 | 1750-1950 | 1700-1900 |
| 2 | 11.11.2024 | 2000-2200 | 1950-2150 | 1900-2100 | 1850-2050 | 1800-2000 |
| 3 | 18.11.2024 | 2000-2200 | 1950-2150 | 1900-2100 | 1850-2050 | 1800-2000 |
| 4 | 26.11.2024 | 2000-2200 | 1950-2150 | 1900-2100 | 1850-2050 | 1800-2000 |

Source: MRPPA

## ၂၀၂၄၊ နိုဝင်ဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွဲနီ(ရှယ်) | | | ညှော့မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 4.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 2 | 5.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 3 | 6.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 4 | 7.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 5 | 8.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 6 | 11.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 7 | 12.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 8 | 13.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 9 | 14.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 10 | 18.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 11 | 19.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 12 | 20.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 13 | 21.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 14 | 22.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 15 | 26.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 16 | 27.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 17 | 28.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 18 | 29.11.2024 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |

Source: Myanmar Rice

## ၂၀၂၄၊ နိုဝင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 4.11.2024 | 2100.0 | 62.139 | 295.83 | 1593.3 | 24.965 | 1381.3 |
| 2 | 5.11.2024 | 2100.0 | 25.500 | 295.54 | 1594.1 | 24.964 | 1379.5 |
| 3 | 6.11.2024 | 2100.0 | 61.484 | 293.34 | 1579.1 | 24.927 | 1363.9 |
| 4 | 7.11.2024 | 2100.0 | 61.278 | 293.36 | 1583.5 | 24.892 | 1362.8 |
| 5 | 8.11.2024 | 2100.0 | 61.629 | 293.45 | 1589.4 | 24.887 | 1378.3 |
| 6 | 11.11.2024 | 2100.0 | 61.090 | 291.94 | 1577.8 | 24.890 | 1365.7 |
| 7 | 12.11.2024 | 2100.0 | 60.302 | 290.23 | 1569.3 | 24.879 | 1364.3 |
| 8 | 13.11.2024 | 2100.0 | 60.493 | 290.92 | 1568.6 | 24.882 | 1354.4 |
| 9 | 14.11.2024 | 2100.0 | 60.051 | 290.13 | 1561.9 | 24.881 | 1347.6 |
| 10 | 18.11.2024 | 2100.0 | 60.258 | 289.92 | 1561.9 | 24.883 | 1355.8 |
| 11 | 19.11.2024 | 2100.0 | 60.738 | 290.06 | 1568.4 | 24.879 | 1365.0 |
| 12 | 20.11.2024 | 2100.0 | 60.650 | 290.01 | 1567.5 | 24.890 | 1349.4 |
| 13 | 21.11.2024 | 2100.0 | 60.67 | 290.16 | 1565.24 | 24.86 | 1360.15 |
| 14 | 22.11.2024 | 2100.0 | 60.78 | 289.79 | 1560.87 | 24.86 | 1359.44 |
| 15 | 26.11.2024 | 2100.0 | 60.41 | 289.31 | 1557.00 | 24.92 | 1364.83 |
| 16 | 27.11.2024 | 2100.0 | 60.75 | 289.67 | 1563.66 | 24.88 | 1384.72 |
| 17 | 28.11.2024 | 2100.0 | 60.89 | 289.59 | 1562.56 | 24.85 | 1383.17 |
| 18 | 29.11.2024 | 2100.0 | 61.39 | 290.56 | 1569.39 | 24.85 | 1401.07 |

Source: Central Bank of Myanmar

## ၂၀၂၄၊ နိုဝင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 4.11.2024 | 3695000 | 4050000 | - | 3163000 | 3101800 | 3760100 |
| 2 | 5.11.2024 | 3685000 | 4000000 | - | 3163000 | 3101800 | 3760100 |
| 3 | 6.11.2024 | 3680000 | 4000000 | - | 3163000 | 3101800 | 3760100 |
| 4 | 7.11.2024 | 3669000 | 4050000 | - | 3163000 | 3101800 | 3760100 |
| 5 | 8.11.2024 | 3680000 | 4062000 | - | 3163000 | 3101800 | 3760100 |
| 6 | 11.11.2024 | 3657000 | 4012000 | - | 3163000 | 3101800 | 3760100 |
| 7 | 12.11.2024 | 3590000 | 3900000 | - | 3163000 | 3101800 | 3760100 |
| 8 | 13.11.2024 | 3570000 | 3870000 | - | 3163000 | 3153800 | 3760100 |
| 9 | 14.11.2024 | 3559000 | 3800000 | - | 3163000 | 3153800 | 3760100 |
| 10 | 18.11.2024 | 3605000 | 3800000 | - | 3163000 | 3153800 | 3760100 |
| 11 | 19.11.2024 | 3630000 | 3850000 | - | 3215000 | 3153800 | 3760100 |
| 12 | 20.11.2024 | 3625000 | 3987000 | - | 3215000 | 3153800 | 3760100 |
| 13 | 21.11.2024 | 3597000 | 3962000 | - | 3215000 | 3153800 | 3760100 |
| 14 | 22.11.2024 | 3580000 | 3950000 | - | 3215000 | 3153800 | 3760100 |
| 15 | 26.11.2024 | 3576000 | 3950000 | - | 3215000 | 3153800 | 3760100 |
| 16 | 27.11.2024 | 3570000 | 3942000 | - | 3215000 | 3153800 | 3760100 |
| 17 | 28.11.2024 | 3565000 | 3895000 | - | 3215000 | 3153800 | 3760100 |
| 18 | 29.11.2024 | 3561000 | 3852000 | - | 3215000 | 3153800 | 3760100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ နိုဝင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 4.11.2024 | 3141600-3362000 | 2856800-2960900 | 3469200-3753300 | 4286700-4390800 | 930800-943100 |
| 2 | 5.11.2024 | 3141600-3362001 | 2856800-2960901 | 3469200-3753301 | 4286700-4390801 | 930800-943101 |
| 3 | 6.11.2024 | 3141600-3362002 | 2856800-2960902 | 3469200-3753302 | 4286700-4390802 | 930800-943102 |
| 4 | 7.11.2024 | 3141600-3362003 | 2856800-2960903 | 3469200-3521200 | 4286700-4390803 | 930800-943103 |
| 5 | 8.11.2024 | 3141600-3362004 | 2856800-2960904 | 3469200-3521200 | 4286700-4390804 | 930800-943104 |
| 6 | 11.11.2024 | 3141600-3362005 | 2856800-2960905 | 3469200-3521201 | 4286700-4390805 | 930800-943105 |
| 7 | 12.11.2024 | 3141600-3362006 | 2856800-2960906 | 3469200-3521202 | 4387800-4592900 | 930800-943106 |
| 8 | 13.11.2024 | 3141600-3362007 | 2856800-2960907 | 3469200-3521203 | 4387800-4592901 | 930800-943107 |
| 9 | 14.11.2024 | 3141600-3362008 | 2856800-2960908 | 3469200-3521204 | 4387800-4592902 | 930800-943108 |
| 10 | 18.11.2024 | 3141600-3362009 | 2856800-2960909 | 3368100-3472300 | 4488800-4592900 | 930800-943109 |
| 11 | 19.11.2024 | 3141600-3362010 | 2856800-2960910 | 3368100-3472301 | 4488800-4592901 | 930800-943110 |
| 12 | 20.11.2024 | 3141600-3362011 | 2856800-2960911 | 3264000-3472300 | 4488800-4592902 | 930800-943111 |
| 13 | 21.11.2024 | 3141600-3362012 | 2856800-2960912 | 3264000-3472301 | 4488800-4592903 | 930800-943112 |
| 14 | 22.11.2024 | 3141600-3362013 | 2755800-2960900 | 3264000-3472302 | 4488800-4592904 | 930800-943113 |
| 15 | 26.11.2024 | 3141600-3251800 | 2804700-2960900 | 3264000-3472303 | 4387800-4491900 | 930800-943114 |
| 16 | 27.11.2024 | 3141600-3251801 | 2804700-2960901 | 3264000-3472304 | 4387800-4491901 | 949200-961500 |
| 17 | 28.11.2024 | 3141600-3251802 | 2804700-2960902 | 3264000-3472305 | 4387800-4491902 | 949200-961501 |
| 18 | 29.11.2024 | 3141600-3251803 | 2755800-2859900 | 3264000-3472306 | 4387800-4491903 | 949200-961502 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 4.11.2024 to 8.11 .2024 | 11.11.2024 to 14.11.2024 | 18.11..2024 to 22.11.2024 | 26.11 .2024 to 29.11.2024 |
|---|---|---|---|---|---|
| မတ်ပဲ (2023–24 Crop) | FAQ | 940–950 | 930–940 | 905–915 | 890–900 |
| | SQ | 1035–1045 | 1025–1035 | 1000–1010 | 985–995 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1040–1060 | 1030–1050 | 1005–1025 | 990–1010 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1140–11160 | 1130–1150 | 1105–1125 | 1090–1110 |
| | အခွံပါအခြမ်း | 1040–1060 | 1030–1050 | 1005–1025 | 990–1010 |
| ပဲတီစိမ်း (2023–24 Crop) | FAQ (အညာ) | 700–710 | 700–710 | 710–720 | 725–735 |
| | FAQ (ရွှေဝါ) | 760–770 | 760–770 | 770–780 | 785–795 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 830–840 | 830–840 | 840–850 | 850–860 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 790–800 | 790–800 | 800–810 | 810–820 |
| | ရွှေဝါအသေး (Under 3.5 mm) | 730–740 | 730–740 | 740–750 | 750–760 |
| ပဲတီစိမ်း (2023 –24 Crop) | FAQ ပဲနောက် | 700–710 | 700–710 | 700–710 | 715–725 |
| | SQ ပဲနောက် | 970–980 | 970–980 | 980–990 | 990–1000 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 945–965 | 945–965 | 955–975 | 975–995 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 775–795 | 775–795 | 775–795 | 795–815 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 725–745 | 725–745 | 725–745 | 745–765 |
| ပဲစင်းငုံ(2023 –24 Crop) | အနီ | 1040–1050 | 1020–1030 | 950–960 | 960–970 |
| ပဲစင်းငုံ (2023–24 Crop) | အဖြူ(စစ်ကိုင်း) | 1000–1010 | 980–990 | 910–920 | 920–930 |
| | အခွံချွတ်အခြမ်း | 1340–1350 | 1320–1330 | 1250–1260 | 1260–1270 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 830–840 | 850–860 | 850–860 | 850–860 |
| | အခွံချွတ်အခြမ်း | 1080–1100 | 1100–1120 | 1100–1120 | 1100–1120 |
| ပဲလွန်းဖြူ | FAQ | 700–710 | 700–710 | 700–710 | 710–720 |
| | SQ | 775–785 | 775–785 | 775–785 | 790–800 |
| | အခွံချွတ်အခြမ်း | 840–860 | 840–860 | 840–860 | 850–870 |
| ပဲလွန်းနီ | FAQ | 625–635 | 625–635 | 625–635 | 630–640 |
| ပဲထောပတ် | FAQ | 1000–1010 | 1000–1010 | 1000–1010 | 1000–1010 |
| | အခွံချွတ်အခြမ်း | 1025–1045 | 1025–1045 | 1025–1045 | 1025–1045 |
| ပြောင်းဆန် | | 245–255 | 250–260 | 250–260 | 250–260 |
| နှမ်းဖြူ | | 1375–1385 | 1390–1400 | 1390–1400 | 1390–1400 |
| နှမ်းနက်(စမုန်) | | 2200–2210 | 2220–2230 | 2220–2230 | 2220–2230 |
| နှမ်းညို | | 1155–1165 | 1135–1145 | 1135–1145 | 1135–1145 |
| နှမ်းနက်(ရိုးရိုး) | | 1880–1890 | 1880–1890 | 1880–1890 | 1880–1890 |
| မြေထောက်ပဲ(အနီ)FAQ | | 930–940 | 920–930 | 920–930 | 920–930 |
| မြေထောက်ပဲ(အနီ)SQ | | 1025–1035 | 1010–1020 | 1010–1020 | 1010–1020 |
| မြေထောက်ပဲ(အဖြူ) | | 1025–1035 | 1010–1020 | 1010–1020 | 1010–1020 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 920–930 | 920–930 | 920–930 | 920–930 |
| ပဲယင်း(ဝါ) | | 570–580 | 590–600 | 600–610 | 630–640 |
| ပဲယင်း(နီ) | | 600–610 | 600–610 | 610–620 | 640–650 |
| ပဲကြီး | | 815–825 | 815–825 | 815–825 | 815–825 |
| ပဲကြီးအခွံချွတ်အခြမ်း | | 935–955 | 935–955 | 935–955 | 935–955 |
| Azuki (Small Red Bean) | | 945–955 | 915–925 | 915–925 | 915–925 |
| စွန်တာနီ/ပြာ | | 690–700 | 690–700 | 690–700 | 690–700 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 6.11.2024 to 12.112024 | 13.11..2024 to 19.11.2024 | 20.11.2024 to 26.11.2024 | 27.11.2024 to 3.12..2024 |
|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken | 485-490 | 475-485 | 470-475 | 470-475 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 490-495 | 475-485 | 470-475 | 470-475 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 490-495 | 480-490 | 475-480 | 475-480 |
| 4 | Myanmar White Rice 10 % Broken | 480-485 | 470-475 | 465-470 | 465-470 |
| 5 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 480-485 | 475-480 | 470-475 | 470-475 |
| 6 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 475-480 | 465-475 | 460-465 | 460-465 |
| 7 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 460-470 | 450-455 | 450-455 | 450-455 |
| 8 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 420-430 | 410-420 | 410-420 | 410-420 |
| 9 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 490-495 | 480-490 | 475-480 | 475-480 |
| 10 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 485-490 | 475-480 | 470-475 | 470-475 |
| 11 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 475-480 | 470-480 | 460-465 | 460-465 |
| 12 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 460-470 | 450-455 | 450-455 | 450-455 |
| 13 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 490-495 | 475-480 | 470-475 | 470-475 |
| 14 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 485-490 | 470-480 | 465-470 | 465-470 |
| 15 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 480-485 | 465-470 | 460-465 | 460-465 |
| 16 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 460-470 | 450-455 | 450-455 | 450-455 |
| 17 | Myanmar White Rice (Thee Pu) 5% Broken (Well Milled Double Polished Sortexed) | 485-490 | 470-480 | 470-475 | 470-475 |
| 18 | Myanmar White Rice (Thee Pu) 10% Broken (Well Milled Double Polished Sortexed) | 480-485 | 465-470 | 465-470 | 465-470 |
| 19 | Myanmar White Rice (Thee Pu) 15% Broken (Well Milled Double Polished Sortexed) | 475-480 | 460-465 | 460-465 | 460-465 |
| 20 | Myanmar White Rice (Thee Pu) 25% Broken (Well Milled Double Polished Sortexed) | 460-465 | 450-455 | 450-455 | 450-455 |
| 21 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 485-490 | 470-480 | 470-475 | 470-475 |
| 22 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 480-485 | 465-470 | 465-470 | 465-470 |
| 23 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 475-480 | 460-465 | 460-465 | 460-465 |
| 24 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 460-465 | 450-455 | 450-455 | 450-455 |
| 25 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 430-435 | 410-420 | 410-420 | 410-420 |
| 26 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 525-530 | 510-520 | 510-520 | 510-520 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 485-490 | 475-480 | 475-480 | 475-480 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 480-485 | 470-475 | 470-475 | 470-475 |
| 29 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 475-480 | 465-470 | 465-470 | 465-470 |
| 30 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 460-465 | 450-455 | 450-455 | 450-455 |
| 31 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 625-635 | 625-635 | 625-635 | 625-635 |
| 32 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 615-625 | 615-625 | 615-625 | 615-625 |
| 33 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 625-635 | 625-635 | 625-635 | 625-635 |
| 34 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 615-625 | 615-625 | 615-625 | 615-625 |
| 35 | Myanmar Glutinous Rice 5% Broken (Well Milled) | 505-515 | 505-515 | 505-515 | 505-515 |
| 36 | Myanmar Glutinous Rice 10 % Broken (Well Milled) | 495-505 | 495-505 | 495-505 | 495-505 |
| 37 | Myanmar Glutinous Rice 15 % Broken (Well Milled) | 485-495 | 485-495 | 485-495 | 485-495 |
| 38 | Myanmar Glutinous Rice 25 % Broken (Well Milled) | 475-485 | 475-485 | 475-485 | 475-485 |
| 39 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 470-480 | 470-480 | 470-480 | 470-480 |
| 40 | Myanmar Glutinous Rice 25 % Broken (Reasonable Well Milled) | 455-465 | 455-465 | 455-465 | 455-465 |
| 41 | Myanmar Brown Rice 10 % Broken | 415-425 | 415-425 | 415-425 | 415-425 |

**Source: MRF**

## ၂၀၂၄၊ နိုဝင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 4.11.2024 | 70.64 | 74.21 | 200.43 | 2.60 | 226.44 |
| 2 | 5.11.2024 | 71.55 | 75.16 | 202.28 | 2.79 | 228.40 |
| 3 | 6.11.2024 | 71.39 | 74.84 | 202.46 | 2.68 | 228.04 |
| 4 | 7.11.2024 | 71.94 | 75.26 | 203.81 | 2.74 | 227.26 |
| 5 | 8.11.2024 | 71.87 | 75.21 | 204.25 | 2.70 | 227.11 |
| 6 | 11.11.2024 | 70.21 | 73.79 | 201.58 | 2.82 | 223.68 |
| 7 | 12.11.2024 | 67.93 | 71.73 | 195.43 | 2.94 | 219.44 |
| 8 | 13.11.2024 | 68.3 | 72.11 | 196.86 | 2.89 | 221.78 |
| 9 | 14.11.2024 | 68.19 | 72.05 | 195.56 | 2.97 | 221.54 |
| 10 | 18.11.2024 | 67.25 | 71.37 | 195.76 | 2.92 | 218.68 |
| 11 | 19.11.2024 | 69.33 | 73.48 | 202.40 | 2.96 | 226.08 |
| 12 | 20.11.2024 | 69.5 | 73.26 | 203.58 | 2.98 | 223.00 |
| 13 | 21.11.2024 | 68.93 | 73.00 | 203.26 | 3.23 | 222.73 |
| 14 | 22.11.2024 | 70.49 | 74.57 | 206.64 | 3.51 | 228.15 |
| 15 | 26.11.2024 | 69.19 | 73.27 | 200.19 | 3.30 | 224.61 |
| 16 | 27.11.2024 | 68.77 | 72.82 | 198.57 | 3.37 | 223.55 |
| 17 | 28.11.2024 | 68.72 | 72.88 | 197.34 | 3.22 | 220.23 |
| 18 | 29.11.2024 | 69.16 | 73.34 | 199.40 | 3.33 | 221.08 |

Source: Bloomberg Commodities

## ၂၀၂၄၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 4.11.2024 | 2746 | 2745 |
| 2 | 5.11.2024 | 2738 | 2744 |
| 3 | 6.11.2024 | 2739 | 2743 |
| 4 | 7.11.2024 | 2658 | 2663 |
| 5 | 8.11.2024 | 2701 | 2705 |
| 6 | 11.11.2024 | 2676 | 2681 |
| 7 | 12.11.2024 | 2623 | 2628 |
| 8 | 13.11.2024 | 2608 | 2613 |
| 9 | 14.11.2024 | 2563 | 2567 |
| 10 | 18.11.2024 | 2593 | 2597 |
| 11 | 19.11.2024 | 2628 | 2632 |
| 12 | 20.11.2024 | 2642 | 2646 |
| 13 | 21.11.2024 | 2660 | 2666 |
| 14 | 22.11.2024 | 2690 | 2696 |
| 15 | 26.11.2024 | 2633 | 2638 |
| 16 | 27.11.2024 | 2647 | 2651 |
| 17 | 28.11.2024 | 2647 | 2651 |
| 18 | 29.11.2024 | 2669 | 2673 |

**Source: Bullionvault,**